ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့ (13-9-2011)(၆၈၈၁)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မြို့ရွာများ ကမ်းပြိုမှုဖြစ်ပွားပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ အမြန်ဆုံး ဆက်သွယ်အကူအညီတောင်းခံ နယ်စပ်ဒေသမြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းတိုဆင်းသက်နိုင်သည့် လေယာဉ်ငယ်များ ဝယ်ယူပျံသန်းရန် အစီအစဉ်ရှိ

ရေမြေရာသီဥတု သင့်တော်မှုမရှိသော၊ မဖြစ်ထွန်းနိုင်သောနေရာများတွင် နှမ်းစပါးစိုက်ပျိုးခြင်းကို အားပေးခြင်းမျိုးမရှိ

နေပြည်တော် စက်တင်ဘာ ၁၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၇) ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ အဆို(၁)ခုကို ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ မေးခွန်း(၉)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို(၂)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက **ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ‘ဝ’ အထူးဒေသ(၂)မှ အဖွဲ့များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိုင်းလားအထူးဒေသ(၄)မှအဖွဲ့များ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များရရှိ၍ သက်ဆိုင်ရာနယ်မြေဒေသများနှင့် ဆက်စပ်နယ်မြေများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ခြင်းအား ဤလွှတ်တော်မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း** အဆိုကိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် ယင်းအဆိုကို လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၅)ခုကိုမေးမြန်းခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ မူးမြစ်၏ အနောက်ဘက်ကမ်းရှိ အောင်မင်္ဂလာရပ်ကွက်သည် မူးမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျပြီး နှစ်စဉ် အိမ်ခြေပေါင်း (၃၀၀)ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ကြရသည်မှာ နှစ်ပေါင်း (၃၀)ခန့်ရှိပြီဖြစ်ပါကြောင်း၊ မူးမြစ်ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းမရှိသောကြောင့် နောင်နှစ်အနည်းငယ်အတွင်းမှာပင် ကျန်ရှိနေသည့် အိမ်နေရာများ ပျောက်ကွယ်ဆုံးရှုံးရမည်ဖြစ်ပါသဖြင့် ယင်းပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့လုပ်ကိုင်**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

တောင်ငူမြို့ ရေဘေးသင့်ပြည်သူများအား တောင်ငူတပ်နယ်မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိ

“နယ်မြေခံစစ်မြေပြင် ဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ရေဘေးသင့် ပြည်သူများ ခြင်ကိုက်မခံရစေရေးအတွက် ခြင်ဆေးဖျန်းခြင်းများနှင့် လိုအပ်သော ကူညီထောက်ပံ့မှုများဆောင်ရွက်”



ပြည်တွင်းသတင်း စာမျက်နှာ-၃

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၁ အခမ်းအနားကို လွှတ်တော်အဆောက်အအုံ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်

မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့်ကိုက်ညီပြီး နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်နှင်းပေးနိုင်မည့် ဒီမိုကရေစီကျင့်စဉ်နှင့် အခွင့်အရေးများ ခိုင်မာစွာဖြစ်ထွန်းလာစေရန် ရည်သန်လျက် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်

“အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက စာတမ်းများ ဖတ်ကြားတင်ပြကြမည်ဖြစ်သည်။”

ပြည်တွင်းသတင်း စာမျက်နှာ-၃

ယူအက်စ်အိုးပင်း တင်းနစ် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲပြီးဆုံး ဆမန်သာစတိုဆာကဆရီနာဝီလျံကိုအနိုင်ရပိုလ်စွဲ

“အသက် (၂၇)နှစ်ရှိ ဆမန်သာစတိုဆာသည် ထိုဂရင်းဆလင်း (၁၃)ကြိမ် ချန်ပီယံကို အနိုင်ရခဲ့ခြင်းကြောင့် ဂုဏ်ယူဝမ်းသာလျက်ရှိ”



အားကစားသတင်း စာမျက်နှာ-၁၀

ပြင်သစ်တောင်ပိုင်းရှိ မာကူလေနျူကလီးယား ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်ပေါ်ထွက်ခြင်းမရှိ

“နျူကလီးယား ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံး၍ တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့”



နိုင်ငံတကာသတင်း စာမျက်နှာ-၁၀

ကြေးမုံ The Mirror
၁၃-၉-၂၀၁၁
(အင်္ဂါနေ့)

ပြည်သူ့နီတိအလေ့အကျင့်ကောင်းများ ပုံဖော်

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းရာတွင် ပညာရေးကို မဏ္ဍိုင်ပြုပြီး မိမိတို့လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရပေမည်။ ပြောင်းလဲတိုးတက်နေသော အချိန်ကာလများနှင့်အတူ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများ ရှိရမည်ဖြစ်သည်။

ထို့အတူ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာနေရမည် ဖြစ်သည်။ အဆိုပါအင်အားသုံးရပ်တောင့်တင်းစေရေးတွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အားထုတ်ကြရပေမည်။ ပညာရေးကဏ္ဍအနေဖြင့် ခေတ်မီသိပ္ပံနည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းရေးသာမက ဝိဇ္ဇာပညာရပ်များပါ ဟန်ချက်ညီညီ မြင့်မားလာရေး စွမ်းဆောင်ကြရမည်ဖြစ်သည်။

ပညာရေးကဏ္ဍတွင် အခြေခံပညာရေးသည် ပို၍ အဓိကကျသည်။ စာပေပညာရပ်များ သင်ကြားရာတွင် နိုင်ငံချစ်စိတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်များ စွဲမြဲခိုင်မာစေရေး ပျိုးထောင်သင်ကြားပေးကြရပေမည်။ ဝိဇ္ဇာပညာရပ်များနှင့်အတူ အသိပညာရှင်၊ အတတ်ပညာရှင်များ ခေတ်နှင့်အညီပေါ်ထွန်းလာခြင်းဖြင့် ဆင်ခြင်တုံတရားများ ပိုမိုပြည့်ဝလာစေမည်ဖြစ်သည်။ နှိုင်းဆချင့်ချိန် တွေးခေါ်မြော်မြင်နိုင်သည့် စိတ်ဓာတ်ရေးရာ စွမ်းအားခိုင်မာမှု ပိုမိုရရှိလာမည်ဖြစ်သည်။

မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရာတွင် ဆရာ၊ ဆရာမတို့၏ အခန်းကဏ္ဍသည် များစွာအရေးပါသည်။ မျိုးဆက်သစ်လူငယ်များအား ကနဦးပုံဖော်ပေးရာတွင် ပညာထူးချွန်ထက်မြက်ရုံသာမက တပည့်များ၏ စိတ်ဓာတ်၊ အတွေးအမြင်၊ အလေ့အထကောင်းများရရှိရေး ပြုစုပျိုးထောင်ပေးကြရန် လိုအပ်သည်။

ပညာရေးဝန်ထမ်းများအနေဖြင့် ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ဆရာ့ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကြရပေမည်။ ပညာရေးမူဝါဒများအောင်မြင်စေရေး၊ သင်ကြားရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရေး အလေးထားပြီး ကျောင်းသူ၊ ကျောင်းသားတိုင်း လောကနီတိ၊ ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများရရှိစေရေး လေ့ကျင့်ပုံဖော်ပေးကြရမည်ဖြစ်သည်။

နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံခန့်သည် လူငယ်များဖြစ်ရာ နိုင်ငံ၏ အင်အား အဖိုးတန်ရတနာများဖြစ်သည်။ နိုင်ငံတော်က လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာ ဆရာ၊ ဆရာမများအားလုံးက မျိုးဆက်သစ်များ၏ အနာဂတ်ဘဝရှင်သန်ဖွံ့ဖြိုးရေး ရှေးရှုပြီး စာပေအတတ်ပညာ၊ အသိအလိမ္မာ တိုးတက်မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

စီးပွားရေးပညာရပ်ကို စိတ်ပါဝင်စားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအသင်း လုပ်ငန်းအဖွဲ့အစည်း စွမ်းအား ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ဖြစ်စေရန် မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ၏ ဦးဆောင်မှုဖြင့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၅/၂၀၁၁)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်၌ စက်တင်ဘာ ၁၇ ရက် (စနေနေ့)တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် (ADVISOR/UNDP) က (Developing Human Capacity) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း-၀၉-၄၉၃၁၅၆၃၈၊ ၀၉-၇၃၀၉၈၄၃၀နှင့် ၀၉-၄၉၂၃၂၉၀၀ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂-၉-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၁၅၅၀	၀. ၀၃၃၁၆
တရုတ် (ယွမ်)	၆. ၃၈၉၄၅	၀. ၁၅၆၅၁
အိန္ဒိယ (ရူပီး)	၄၇. ၂၁၉၀	၀. ၀၂၁၁၈
မလေးရှား (ရင်းဂစ်)	၃. ၀၃၁၀၀	၀. ၃၂၉၉၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၂၂၅	၀. ၈၁၁၅၂
ဂျပန် (ယန်း)	၇၇. ၂၃၇၁	၀. ၀၁၂၉၅
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၄၂	၀. ၀၀၀၉၃
ယူရို	၀. ၇၃၂၅၂	၁. ၃၇၀၀၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၈၀	၁. ၅၈၅၂၈

အင်တာနက်။

ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ မြို့ပြဒေသကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာအစည်းအဝေး၌ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၂

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ (၂၉)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာကော်မတီ အစည်းအဝေးကို အိန္ဒိယနိုင်ငံ ဂျိုက်ပူးမြို့တွင် စက်တင်ဘာ ၆ ရက်မှ ၉ ရက်အထိ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာကော်မတီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပပြီး ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အိန္ဒိယသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ghulam Nabi Azad က ဆောင်ရွက်သည်။

အစည်းအဝေးတွင် မြို့ပြဒေသသို့ လူများ ပြောင်းရွှေ့နေထိုင်မှုကြောင့် မြို့ပြဒေသ၌ လူဦးရေထူထပ်လာခြင်းနှင့် အဆိုပါ လူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပဋိဇီဝဆေးများ စနစ်တကျသုံးစွဲမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာမည့် ပဋိဇီဝဆေးဝါးယဉ်ပါးမှု ပြဿနာနှင့် ပူးပေါင်းဖြေရှင်းရန် ကိစ္စရပ်များ၊ ကူးစက်တတ်ခြင်းမရှိသော ရောဂါများဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းမြင့်တက်လာခြင်းနှင့် ကာကွယ်ကုသရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအစီအစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုအစီအစဉ်များ၊ မြို့ပြဒေသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း ဆောင်ရွက်နေမှုများ ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီးများက ပဋိဇီဝဆေးယဉ်ပါးမှု ပြဿနာများအား ပူးပေါင်းဖြေရှင်းနိုင်ရန်အတွက် ဂျိုက်ပူးကြေညာစာတမ်းကို သဘောတူညီခဲ့ကြသည်။

မွန်းလွဲပိုင်း အစည်းအဝေး ခေတ္တရပ်နားချိန်တွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Torphong Chaiyasan နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ နယ်နိမိတ်ချင်း ထိလျက်ရှိသောဒေသများ၌ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသော (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာကော်မတီ အစည်းအဝေးတွင် သဘာပတိအဖြစ် အိန္ဒိယသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ghulam Nabi Azad က ဆောင်ရွက်ပြီး ဒုတိယသဘာပတိအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်း အစီအစဉ်မှ စတင်၍ အစည်းအဝေးပြီးမြောက်သည့် စက်တင်ဘာ ၉ ရက်အထိ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပံ့ပိုးမှုဖြင့် ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစီမံချက်လုပ်ငန်းများအတွက် ငွေကြေးပံ့ပိုးမည့် အစီအစဉ်များ၊ ပဏာမကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ထမ်း အင်အားတိုးမြှင့်ရန် ကိစ္စရပ်များ၊ ၂၀၁၂ ခုနှစ်ကို တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အာဟာရမြှင့်တင်ရေး ကိစ္စရပ်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်နှင့်အညီ ဆေးဝါးများ သုံးစွဲစေရေးဆိုင်ရာ ကိစ္စရပ်များ၊ ခုခံအားကျကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ဆောင်ရွက်ထားမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ပါဝင်ဆွေးနွေး အတွေ့အကြုံများ ဖလှယ်ခဲ့ကြသည်။ (သတင်းစဉ်)

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် ဒေါ်အောင်ဆန်းစုကြည် တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၂

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များအား တွေ့ဆုံသည်။ (သတင်းစဉ်)

စစ်ကိုင်းအထက(၃) အာစရိယပူဇော်မည်

စစ်ကိုင်း စက်တင်ဘာ ၁၂

စစ်ကိုင်းမြို့ ကမ်းနားလမ်း ယခင်အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ ပိုးတန်းရပ်ဇေယျာလမ်း အောင်ထူးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါ်ပင်မြင့်စံ ဖုန်း-၀၉-၅၁၆၈၈၂၇၊ ဒေါ်မေစန်းဝေ ဖုန်း-၀၂-၆၈၂၈၀၊ ဦးမြင့်ကို ဖုန်း-၀၉-၂၀၃၈၇၉၁၊ ဦးသန်းလှ ဖုန်း-၀၉-၂၁၇၄၀၅၅၊ ဒေါ်ဝင်းဝင်းနု ဖုန်း-၀၇၂-၂၁၂၀၉၊ ဦးဆွေတင့် ဖုန်း-၀၇၂-၂၁၄၀၁ နှင့် ဒေါ်ခင်မေမိုး ဖုန်း-၀၉-၂၀၂၀၁၄၅ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၁ အခမ်းအနားကို လွှတ်တော်အဆောက်အအုံ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်

မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့်ကိုက်ညီပြီး နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်နှင်းပေးနိုင်မည့် ဒီမိုကရေစီကျင့်စဉ်နှင့် အခွင့်အရေးများ ခိုင်မာစွာဖြစ်ထွန်းလာစေရန် ရည်သန်လျက် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်

နေပြည်တော်　　စက်တင်ဘာ　　၁၂

လာမည့် စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ (International Day of Democracy 2011) အခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ လွှတ်တော်နှစ်ရပ်ပူးပေါင်းလျက် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ၎င်းနေ့နံနက် ၁၀ နာရီတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၁ အခမ်းအနားသို့ ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များသာမက အစိုးရအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နေပြည်တော်(၈)မြို့နယ်မှ ပြည်သူ့ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြမည်ဖြစ်သည်။ထို့ပြင် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းစာနယ်ဇင်းများမှ သတင်းထောက်များနှင့် ပြည်ပအခြေစိုက် သတင်းဌာနအချို့မှ သတင်းထောက်များ တက်ရောက်သတင်းရယူရန် ခွင့်ပြုထားကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက စာတမ်းများ ဖတ်ကြားတင်ပြကြမည် ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပြီဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ဖော်ဆောင်လျက်ရှိရာ ဒီမိုကရေစီရေးဆိုင်ရာ ပြုပြင်ပြောင်းလဲကျင့်သုံးမှုများကိုလည်း အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်။ ယနေ့ မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့်ကိုက်ညီပြီး နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်နှင်းပေးနိုင်မည့် ဒီမိုကရေစီကျင့်စဉ်နှင့် အခွင့်အရေးများ ခိုင်မာစွာ ဖြစ်ထွန်းလာစေရန် ရည်သန်လျက် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ အခမ်းအနားကို ပထမဦးဆုံး အကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၉-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသား)
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၀ ၅။ ၂၀၁၁ ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား)
- ၅း၀၀ ၆။ "အနောက်တောင်မုတ်သုံရာသီ လေဆုတ်ခွာခြင်းနှင့် နောက်ဆက်တွဲ မိုးလေဝသ ဖြစ်စဉ်များ"
- ၅း၁၀ ၇။ ထင်ရှားကျော်ကြားသီချင်းများ
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၁။ ဆိုလိုက်ကြစို့
- ၇း၁၅ ၁၂။ **"ပိုင်-မောင်း-ရောင်း ဘသောင်း" (နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့) (ဒါရိုက်တာ- မျိုးဇော်အောင်)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ၂၀၁၁ ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- "ရုပ်စုံ" ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
- ၁၇။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ" (အပိုင်း-၁၀)**
- **၁၉။ အိန္ဒိယရုပ်ရှင် "မေတ္တာဆုံမှတ်" (ဇာတ်သိမ်းပိုင်း)**
- ၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ၏ဘဏ္ဍာလုပ်ငန်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော်　　စက်တင်ဘာ　　၁၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား JICA Mission မှ Professor Dr. Fumiharu MIENO နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ၏ ဘဏ္ဍာလုပ်ငန်းနှင့် ပညာရပ်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့်အတူ ဌာနကြီးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စိန်တလုံးသရက်မျိုးကောင်း တိုးချဲ့စိုက်ပျိုး

ရန်ကုန်　စက်တင်ဘာ　၁၂

မြန်မာနိုင်ငံသည် သရက်၏ မူရင်းဒေသဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်း၌ အရည်အသွေးမျိုးစုံသည့် သရက်မျိုးပေါင်း ၂၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။ ၂၀၀၈-၂၀၀၉ ခုနှစ် စာရင်းအရ တစ်နိုင်ငံလုံးတွင် သရက်စိုက်ဧက ၁၉၂၇၆၀ ကျော် ရှိသည်။

၂၀၁၁ ခုနှစ် ဇွန် ၁၅ ရက် စာရင်းအရ သရက်သီးတင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ သန်းကျော် ရရှိပြီးဖြစ်သည်။

သရက်မျိုးများစွာ ရှိသည့်အနက် စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ မယ်သီ၊ မြကျောက်တို့မှာ နိုင်ငံခြားသို့တင်ပို့နေသော မျိုးများဖြစ်သည်။ စိန်တလုံးမှာ အနံ့အရသာ အကောင်းဆုံး၊ လူကြိုက်အများဆုံးနှင့် ဈေးအကောင်းဆုံးရနေသည့် သရက်သီးမျိုးဖြစ်သည်။

စိန်တလုံးသရက် တိုးချဲ့စိုက်ပျိုးရန် အနေအထားအပေးဆုံး နေရာမှာ နေပြည်တော်ဖြစ်သည်။ နေပြည်တော်တွင် သရက်စိုက်ပျိုးရန် အသင့်တော်ဆုံး မြေမျက်နှာပြင်ရှိပြီး မိုးရေချိန်၊ အပူချိန်၊ သရက်ပန်းပွင့်မှုကို ဖြစ်စေသည့် ခြောက်သွေ့ရာသီ စသည့်အချက်များ ပြည့်စုံသည့် ဒေသဖြစ်သည်။

နေပြည်တော်ဝန်းကျင်၌ သရက်သီးဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်ပါက နိုင်ငံတကာဈေးကွက်အကြိုက် အရည်အသွေးကောင်း သရက်သီးများစွာ ထွက်ရှိပြီး နိုင်ငံခြားဝင်ငွေ အများအပြား ရရှိမည်မှာ သေချာသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း နေပြည်တော်၌ စိန်တလုံး သရက်စိုက်ပျိုးရေးဇုန်ဖြစ်ပေါ်ရေးအတွက် အားပေးကူညီလျက်ရှိသည်။

(ဥမ္မာသန့်-သတင်းစဉ်)



တောင်ငူတပ်နယ်မှ တာဝန်ရှိသူများက တောင်ငူမြို့ပေါ်ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် စစ်တောင်းမြစ်ရေသည် ၆၆၄ စင်တီမီတာသို့ ရောက်ရှိပြီး စိုးရိမ်ရေအမှတ် ၆၀၀ စင်တီမီတာ အထက် ၆၄ စင်တီမီတာ မြင့်တက်လျက်ရှိသဖြင့် တောင်ငူမြို့ပေါ်ရပ်ကွက်ရှစ်ခုနှင့် ကျေးရွာလေးရွာတို့တွင် ရေဝင်ရောက်မှုကြောင့် ကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၁၂၆၀၊ လူဦးရေ ၅၄၃၉ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရှိရသည်။ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသော ရေဘေးသင့် ပြည်သူများအား တောင်ငူတပ်နယ်မှ ဦးစီး၍ နယ်မြေခံစစ်မြေပြင်ဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ရေဘေးသင့်ပြည်သူများ ခြင်ကိုက်မခံရစေရေးအတွက် ခြင်ဆေးဖျန်းခြင်းများနှင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ရေဝင်ရောက်မှုကြောင့် ကယ်ဆယ်ရေးစခန်းများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား တောင်ငူတပ်နယ်မှ ဦးစီး၍ နယ်မြေခံစစ်မြေပြင်ဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေစဉ်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရေဦးမြို့တွင် မူးမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ ၁၉၉၇ ခုနှစ်တွင် ကင်းတပ်ရေလွှဲဆည် တည်ဆောက်ထားခြင်းကြောင့် မူးမြစ်ရေစီးဆင်းမှုကို အသင့်အတင့် ထိန်းသိမ်းထားနိုင်သည့် အနေအထားရှိပါကြောင်း၊ ထို့ပြင် သဖန်းဆိပ်ရေလှောင်တမံအား ၂၀၀၁ ခုနှစ်တွင် တည်ဆောက်ပြီးစီးချိန်မှစ၍ မူးမြစ်ရေစီးဆင်းမှုအား လုံးဝထိန်းထားနိုင်သည့် အခြေအနေရှိပါကြောင်း၊ ရေဦးမြို့ ကမ်းပါးပြိုမှုသည် မူးမြစ်အထက်ပိုင်းမှစီးဆင်းလာသော မြစ်ရေကြီးမားမှုကြောင့် မဟုတ်ဘဲ ဒေသတွင်း မိုးရွာသွန်းမှုများပြားခြင်းနှင့် မြို့အထက် (၁၅)မိုင်ခန့်အကွာ ကာဘိုးဆည်နှင့် မြို့အကြား စီးဆင်းလာသော မြစ်လက်တက်များ၊ ချောင်းများမှ ရေများစီးဝင်ခြင်းကြောင့် ဖြစ်ပွားနိုင်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မှတ်တမ်းများအရ အဆိုပါဒေသတွင် ၁၉၈၅-၁၉၈၆ ရေနည်းရာသီတွင် ရေဦးမြို့ အောင်မင်္ဂလာရပ်ကွက် ကမ်းပြိုမှုလျော့နည်းစေရေးအတွက် ဒေသအစီအစဉ်ဖြင့် မျောတိုင်တန်း ရေလွှဲရေကာများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၁ ခုနှစ်တွင် မူးမြစ်ကူးတံတား၏ မြစ်ညာဘက်တွင် ကမ်းပြိုမှုကာကွယ်ရေးအတွက် မျောတိုင်တန်းရေကာ(၂) တန်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယင်းနောက်ပိုင်းတွင် ရေဦးမြို့ အောင်မင်္ဂလာရပ်ကွက်ရေတိုက်စားခြင်းနှင့်ပတ်သက်၍ ဒေသမှတင်ပြခြင်း မရှိသကဲ့သို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းလည်း မရှိခဲ့ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မြစ်ရေတိုက်စားမှုကြောင့် မြို့ရွာများကမ်းပြိုမှုဖြစ်ပွားခဲ့ပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဆက်သွယ်၍ အမြန်ဆုံး သွားရောက်စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ မြစ်ကမ်းပြုပြင်ထိန်းသိမ်းပေးရမည့်ပမာဏ ကြီးမားပါက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား အမြန်ဆုံးတင်ပြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လည်း ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့် မိမိတို့နေထိုင်ရာဒေသအတွင်း မြို့ရွာများကမ်းပြိုမှုဖြစ်ပွားပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ အမြန်ဆုံး ဆက်သွယ်အကူအညီတောင်းခံရန်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **ဖျာပုံမြို့တစ်ဖက်ကမ်း သောင်ထွန်းမှုကြောင့် မြို့ဘက်ခြမ်း ကမ်းတစ်လျှောက် ရေတိုက်စားပြီး ကမ်းပါးပြိုခြင်းများ နှစ်စဉ်ဖြစ်ပေါ်နေပါကြောင်း၊ ၁၉၆၈ ခုနှစ်တွင် ရပ်ကွက်သုံးရပ်ကွက် ရွှေ့ပြောင်းခဲ့ရခြင်း၊ ၁၉၇၅ ခုနှစ်တွင် ရေတိုက်စားမှုကြောင့် ရေထိန်းအုတ်နံရံများပြိုကျခဲ့ခြင်း၊ ယခုလက်ရှိတွင် ပေ(၇၀၀၀)ခန့်ရှိ မြစ်ကမ်းပါးတစ်လျှောက်တွင် ရေတိုက်စားပြီး ပန်းခြံမှာပေ(၁၀၀)ခန့် ကမ်းပါးပြိုကျခြင်း၊ သာစည်ဘုရားကြီး အာရုံခံတန်ဆောင်းပြိုကျခြင်းတို့ကြောင့် ဈေးနှင့် လူနေရပ်ကွက်များမှာ ကမ်းပြိုသည့်ဒဏ်ခံစားနေရပါကြောင်း၊ မြို့လူထုအစီအစဉ်ဖြင့် တုတ်ရိုက်ခြင်း၊ အမှိုက်ချခြင်း၊ ကျောက်ချခြင်းများ ဆောင်ရွက်လျက်ရှိနေသော်လည်း စိုးရိမ်ဖွယ်ရာအခြေအနေတွင်ရှိနေပါသောကြောင့် ဖျာပုံမြို့ရေရှည်တည်တံ့နိုင်ရေးအတွက် ဖျာပုံမြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းကိစ္စနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖျာပုံမြို့သည် တစ်ဖက်ကမ်းမှ သောင်ခုံကျယ်ပြန့်လာခြင်းကြောင့် ဖြစ်ပေါ်လာသော မြစ်ကွေ့အပြင်ဘက်ခြမ်းတွင် တည်ရှိနေခြင်း၊ ဖျာပုံမြို့၏ ကမ်းပါးမြေမှာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အားလျော်စွာ သဲနုန်းဆန်သောမြေသားဖြစ်ခြင်းတို့ကြောင့် ရေတိုက်စားကမ်းပြိုမှု လွယ်ကူစွာဖြစ်ပေါ်နိုင်ပါကြောင်း၊ အထူးသဖြင့် မြေသားကြွခိုင်မှုနည်းပါးသော ကမ်းပါးနှင့်ကပ်၍ လေးလံသောအဆောက်အအုံများ တည်ရှိနေပါက ကမ်းပြိုအိကျမှုများ ပိုမိုဖြစ်ပေါ်လေ့ရှိပါကြောင်း၊ ဖျာပုံမြို့ မြစ်ကမ်းတစ်လျှောက် ကမ်းပါးအခြေအနေကိုလေ့လာခဲ့ရာ မြစ်ကွေ့၏အလယ်ဗဟိုခန့်တွင် တည်ရှိနေသော ပြည်လုံးချမ်းသာ သာစည်ဘုရားအနီးတစ်ဝိုက်တွင် အများဆုံးကမ်းပြိုခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းနေရာသည် ဖျာပုံတံတားနှင့်ဖျာပုံမြစ်ဝအကြားတွင် မြစ်အကျဉ်းဆုံးနေရာ ဖြစ်ပါကြောင်း။

သာစည်ဘုရားကြီးရှေ့ မြစ်ကမ်းအခြေအနေအား အသေးစိတ်တိုင်းတာခဲ့ရာ ဘုရားကြီးနှင့်တည့်တည့် မြစ်ကမ်းမှ ပေ(၁၇၀)ခန့်အကွာတွင် ရေအနက် ရေစစ်မျဉ်းအောက် ပေ(၆၀) ကျော်နက်သော ရေနက်အိုးတည်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အပေါ် အခြေခံ၍ ဘုရားကြီးရေတိုက်စား ကမ်းပြိုခံရခြင်းမှကာကွယ်ရန် အစီအမံနှင့်ဒီဇိုင်းပုံစံများကို ထုတ်လုပ်ရေးဆွဲပေးခဲ့ပါကြောင်း၊ အစီအမံအရ Bored Pile အခြေပြုမြေထိန်းနံရံပေ (၂၁၀) တည်ဆောက်ရန်ဖြစ်သည့်အတွက် ၁၇-၃-၂၀၁၁ ရက်နေ့မှစ၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပိုင်း အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ရာ ၅-၆-၂၀၁၁ ရက်နေ့တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီး ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးရှေ့တွင် မြစ်ကမ်းပါး တည်ငြိမ်နေပြီဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်၏ **ရေကြည်မြို့ ငါးသိုင်းချောင်းမြို့နယ်ခွဲရှိ ငဝန်တာသည် ရေလမ်းကြောင်းတွင် သောင်များဖြစ်ထွန်းမှုကြောင့် ရေတိုက်စားခြင်း၊ ကမ်းပြိုခြင်းများဖြစ်ပေါ်ခဲ့ရာ စိတ်မချရသည့်အတွက် ဆည်မြောင်းဦးစီးဌာနမှ ပန်းတာ(၆၈၀၀)ပေကို ၂၀၁၁ ခုနှစ်ဧပြီလတွင် တည်ဆောက်ခဲ့သော်လည်း တာအသစ်မှာနှစ်အရနုနယ်ခြင်း၊ မြစ်ကြောင်းကွေ့ကောက်စီးဆင်းမှုအရ ရေကိုပိုက်ထားသကဲ့သို့ဖြစ်နေခြင်းကြောင့် နှစ်စဉ် စိုးရိမ်ရသောအခြေအနေတွင်ရှိပါကြောင်း၊ အားနည်းချို့ယွင်းချက်များဖြစ်ပေါ်ပါက ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များတွင် ထိခိုက်ပျက်စီး ဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ငဝန်တာမှာလည်း နှစ်ကြာမြင့်ပြီး ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ကမ်းဘေးရှိ မြို့နယ်များမှ ပြည်သူများမှာ နှစ်စဉ်စိုးရိမ်နေရပါကြောင်း၊ သို့ဖြစ်၍ ငဝန်ရေလမ်းကြောင်းအား ပြောင်းလဲဖောက်လုပ်ပေးသင့်ပါကြောင်းနှင့် ငဝန်တာကိုလည်း ခိုင်မာမှုရှိစေရန် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲသည် ငဝန်မြစ်ဝ(ညောင်ကျိုး)မှ (၆၈)မိုင်အကွာနှင့် ပုသိမ်မြို့မှ(၇၇)မိုင်အကွာ ငဝန်မြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိပါကြောင်း၊ ငါးသိုင်းချောင်းမြို့၏ မြစ်ညာဘက်နှင့် မြစ်ကြောဘက်တို့တွင် မြစ်ကွေ့များဖြစ်ပေါ်လျက်ရှိသဖြင့် ရေများချိန်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိပါကြောင်း၊ ငါးသိုင်းချောင်းမြို့ရှိ ဆည်မြောင်းဦးစီးဌာန ရေမှတ်တိုင်မှတ်တမ်းများအရ ငါးသိုင်းချောင်းမြို့၏ ငဝန်မြစ်ရေ အမြင့်ဆုံးရေမှတ်မှာ ၁၇-၈-၁၉၇၄ရက်နေ့တွင် (၃၁ဒသမ၃၅) ပေဖြစ်ပြီး အနိမ့်ဆုံးရေမှတ်မှာ ၃-၃-၁၉၇၄ရက်နေ့တွင် (-၁ ဒသမ ၉၀)ပေ ဖြစ်ပါကြောင်း၊ ငဝန်တာ၏အမြင့်မှာ ဆည်မြောင်းရေမှတ်အရ (၃၆ ဒသမ ၅)ပေ ဖြစ်ပါကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်အတွင်းရှိ တာများအား ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်ပါကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း မြစ်ကမ်းပါး ရေတိုက်စားခံရခြင်းနှင့် ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သက်ဆိုင်ရာမြို့နယ်က ဆက်သွယ်အကြောင်းကြားလာခြင်း မရှိခဲ့ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငဝန်မြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်းဖွံ့ဖြိုးရေး၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအနေဖြင့် လေးမျက်နှာမြို့ ထူပါရုံစေတီကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းနှင့် လေးမျက်နှာမြို့ ရွှေကြက်ကျဘုရား ကမ်းထိန်းလုပ်ငန်း၊ ဟိုင်းကြီးကျွန်းရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ငဝန်မြစ်ကြောင်းဖွံ့ဖြိုးရေးလုပ်ငန်း၊ ငဝန်မြစ်ကူးတံတား(ပုသိမ်)ကမ်းထိန်းလုပ်ငန်း၊ ပုသိမ်ဆိပ်ကမ်း ကမ်းပြင် (၁)၊ (၂)ကမ်းထိန်းလုပ်ငန်းများကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းကျပ်(၈၁၁ဒသမ၉၆) သန်း အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းဖြစ်သည့် ရေတိုက်စားမှုမှ ကာကွယ်ရန် နည်းလမ်းများအနက် မြစ်ကွေ့များကိုဖြတ်၍ ရေလမ်းကြောင်းအသစ်ဖောက်လုပ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလေ့ရှိပါကြောင်း၊ ထိုကဲ့သို့ မြစ်ကွေ့များကိုဖြတ်၍ ရေလမ်းကြောင်းအသစ် ဖောက်လုပ်ပေးခြင်းသည် မြစ်အောက်ပိုင်းတွင် ကောင်းကျိုး၊ ဆိုးကျိုးရလဒ်များ ကြီးမားစွာဖြစ်ပေါ်လာတတ်ပါကြောင်း၊ ထိုအကျိုးသက်ရောက်မှုကို အသေးစိတ် ဘက်စုံထောင့်စုံမှ ထည့်သွင်းစဉ်းစားပြီး စနစ်တကျ ကွင်းဆင်း တိုင်းတာတွက်ချက်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၏ **ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် တစ်နှစ်လုံး သင်္ဘောသား(၁၀၀၀)နှင့်(၂၀၀၀)ကြားမွေးထုတ်ပေးနိုင်ကြောင်း လေ့လာသိရှိရသဖြင့် အခြားသော သင်္ဘောသားထောက်ပံ့သောနိုင်ငံများမှ မွေးထုတ်ပေးနိုင်သောအရေအတွက်နှင့်နှိုင်းယှဉ်ပါက နည်းပါးသည်ကို တွေ့ရပြီး သင်္ဘောသားများကို ပိုမိုမွေးထုတ်ပေးပါက နိုင်ငံတော်နှင့်ပြည်သူများအတွက်ပါ အကျိုးကျေးဇူး များစွာဖြစ်ထွန်းလာမည်ဖြစ်ပါသဖြင့် စီမံချက်ချမှတ်၍ လုပ်ဆောင်သွားသင့်ပါကြောင်းနှင့် နှစ်စဉ်မွေးထုတ်ပေးသည့် လက်ရှိသင်္ဘောသားအရေအတွက်ထက် ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် အစီအမံများ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပင်လယ်ကူးသင်္ဘောသားများ မွေးထုတ်ပေးရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်ကျောင်း(၂)ကျောင်းကို တည်ထောင်ဖွင့်လှစ်ထားပါကြောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်က နှစ်စဉ်ပထမနှစ်ကျောင်းသား (၄၀၀)ကိုခေါ်ယူ၍ (၅)နှစ်သင်တန်းပို့ချပြီး B.Eနှင့် B.Sc ဘွဲ့များချီးမြှင့်ပါကြောင်း၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်က နှစ်စဉ်သင်တန်းသား(၃၀၀)ခေါ်ယူ၍ (၂)နှစ်ဒီပလိုမာသင်တန်း ပို့ချပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် သင်္ဘောသားအရာရှိလောင်း (၇၀၀)ခန့် မွေးထုတ်ပေးလျက်ရှိပါကြောင်း။

အခြားအဆင့်သင်္ဘောသားများအတွက် အစိုးရကျောင်း(၂)ကျောင်းနှင့် ပုဂ္ဂလိကကျောင်း(၇)ကျောင်း စုစုပေါင်း(၉)ကျောင်းဖွင့်လှစ်၍ ရေကြောင်းဘက်ဆိုင်ရာ သင်တန်းများကို ပို့ချလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက (၇)ကျောင်းကို ၅-၉-၂၀၁၁ရက်နေ့မှစ၍ ပင်လယ်ကူးသင်္ဘောသားသင်တန်းများ ဖွင့်လှစ်သင်ကြားခွင့်ပေးခဲ့ပါကြောင်း၊ သင်္ဘောသားများအဆင့်အလိုက်လေ့ကျင့်ပေးမှုကို ဘာသာရပ်အလိုက် ကျွမ်းကျင်သူနည်းပြများဖြင့် ပို့ချလေ့ကျင့်စေပြီး စာမေးပွဲစစ်ဆေးရေးစနစ်ကိုလည်း ရှင်းလင်းလွယ်ကူသောစနစ်ဖြင့် မေးခွန်းထုတ်ခြင်း၊ အမှတ်ပေးခြင်းများပြုလုပ်သွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပင်လယ်ကူးသင်္ဘောသားအရာရှိနှင့်အခြားအဆင့်များ အလုပ်အကိုင်ပိုမိုရရှိစေရေးအတွက် နိုင်ငံတော်အစိုးရပိုင် ကျောင်း (၂)ကျောင်းအပြင် ပုဂ္ဂလိကကျောင်း(၇)ကျောင်းကိုပါ ရေကြောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချခွင့်ပေးခြင်း၊ စာမေးပွဲစစ်ဆေးခြင်းစနစ်ကိုလည်း ရှင်းလင်းလွယ်ကူအောင် စီမံထားခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက်လည်း သက်ဆိုင်ရာသင်္ဘောလိုင်း ကိုယ်စားလှယ်များနှင့် တစ်လလျှင်တစ်ကြိမ် တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

နောင်မွန်မဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ်၏ **နောင်မွန်မြို့တွင် ယခင် ၁၉၇၉ခုနှစ်တွင် ကိုယ်ထူကိုယ်ထ တည်ဆောက်ပြီးစီးခဲ့သော အော်ဒါလေယာဉ်ကွင်းတွင် ၁၉၈၄ခုနှစ်အထိ ခရီးစဉ်ပြေးဆွဲခဲ့သဖြင့် ဝန်ထမ်းများ၊ ပြည်သူလူထုများ သွားလာစားသောက်ရေးအဆင်ပြေခဲ့ပါကြောင်း၊ အခြားဒေသများ၌လည်း ၎င်းကွင်းတိုဆင်းလေယာဉ်ကွင်းများရှိပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနက ယခင်ရှိပြီးဖြစ်သော ကွင်းတိုဆင်း လေယာဉ်ကွင်းများအသုံးပြုသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့လေကြောင်းခရီးစဉ်အနေဖြင့် ယခင်က နောင်မွန်လေယာဉ်ကွင်းသို့ Twin Otter အမျိုးအစား လေယာဉ်ငယ်များ ဆင်းသက်ပေးခဲ့ပါကြောင်း၊ ယခုမြန်မာ့လေကြောင်းရှိ လေယာဉ်များဆင်းသက်ပျံသန်းရန်အတွက် အနည်းဆုံး လေယာဉ်ပြေးလမ်း အရှည်ပေ(၄၀၀၀)ခန့်လိုအပ်ပါကြောင်း၊ နောင်မွန်လေယာဉ်ကွင်း၏ လက်ရှိ လေယာဉ်ပြေးလမ်းသည် အလျား(၂၄၆၁)ပေ၊ အကျယ်ပေ(၉၀) မြေသားပြေးလမ်းဖြစ်ပါကြောင်း၊ အဆိုပါ လေယာဉ်ကွင်းသည် ပေ(၃၀၀၀)မှ(၆၀၀၀) ကျော်ရှိ တောင်တန်းများပတ်လည်ဝန်းရံလျက်ရှိပြီး မိုးရာသီ၌ တောင်ထိပ်များတိမ်ဖုံးနေကာ ဆောင်းရာသီ၌ မြူနှင်းများပိတ်ဖုံးနေသဖြင့် မြင်ကွင်းဆိုးရွားသည့်အတွက် လေယာဉ်ဆင်း/တက်ရန် မသင့်လျော်ပါကြောင်း၊ ရာသီဥတုအခြေအနေနှင့် ပထဝီအနေအထားတို့အရ ခြောက်သွေ့ရာသီတွင်သာ လေယာဉ်ငယ်များအသုံးပြုနိုင်သည့် လေယာဉ်ကွင်းဖြစ်ပါကြောင်း။

ထို့ပြင် လက်ရှိနောင်မွန်လေယာဉ်ကွင်းအနေဖြင့် ကာလရှည်ကြာစွာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု မပြုနိုင်ခဲ့ခြင်း၊ လေယာဉ်ပြေးလမ်းမျက်နှာပြင်လွှာ ချို့ယွင်းပျက်စီးမှုများရှိခြင်း၊ နောင်မွန် လေယာဉ်ကွင်းသို့ ဆင်းသက်နိုင်မည့် လေယာဉ်ငယ်များ မရှိခြင်း၊ စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိခြင်းတို့ကြောင့် အဆိုပါ ခရီးစဉ်အား လောလောဆယ်အခြေအနေအရ ပြေးဆွဲပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများရှိ မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းတိုဆင်းသက်နိုင်သည့် လေယာဉ်ငယ်များဝယ်ယူ၍ ပျံသန်းပြေးဆွဲသွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်ခဲ့သည်မှာ (၆)လခန့် ကြာမြင့်ပြီးဖြစ်ပါကြောင်း၊ ထိုကာလအတွင်း နိုင်ငံတော်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို မည်ကဲ့သို့ စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိမှုများမည်သို့ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ၂၀၁၁ ခုနှစ် နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် ၂၀၁၁ -၂၀၁၂ ဘဏ္ဍာနှစ်တစ်နှစ်လုံးနှင့်သက်ဆိုင်သည့် နိုင်ငံတော်၏ အရအသုံး ခန့်မှန်းခြေစာရင်းများကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၇-၄-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဘဏ္ဍာရေးကော်မရှင်၏(၁/၂၀၁၁)ကြိမ်မြောက် အစည်းအဝေး၌ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် ပထမ(၆)လတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ၁-၁၀-၂၀၁၁ရက်နေ့မှစ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်သည်ကို ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် ပထမ(၆)လ နိုင်ငံတော်၏အရအသုံးခန့်မှန်းခြေစာရင်းများကို စစ်ဆေး၍ ထူးခြားသောအခြေအနေများကို လွှတ်တော်အဆင့်ဆင့်သို့တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နောင်တွင်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အရအသုံးစာရင်းများကို စစ်ဆေး၍ လွှတ်တော်အဆင့်ဆင့်သို့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မေးခွန်းပါကာလအတွင်း လချုပ်စာရင်းများ မရှိသေးပါသဖြင့် စစ်ဆေးခြင်း မပြုနိုင်ခဲ့ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး၏ **မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ စီးပွားရေးတိုးတက်ပြေလည်စေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ပြီး အလုပ်အကိုင်ရရှိရေးအခွင့်အရေးများ ပေါ်ပေါက်လာနိုင်ရန်အတွက် ဥပဒေနှင့်အညီ မိုးကုတ်မြို့နယ် တိုင်းရင်းသားပြည်သူလူထုအတွက် ၂၀၀၄ခုနှစ်ကကဲ့သို့ နိုင်ငံတော်က တစ်နိုင်တစ်ပိုင် ကျောက်မျက်တူးဖော်ခွင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပေးမည့် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၂၀၀၄ခုနှစ်တွင် မိုးကုတ်ရတနာနယ်မြေ၌ တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်များကို သတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့ပါကြောင်း၊ လျှောက်ထားသည့်လုပ်ကွက် (၁၃၄)ကွက်မှ ကန့်သတ်ချက်များနှင့် လွတ်ကင်းသော လုပ်ကွက်(၁၁၉)ကွက်ကို (၃)ကြိမ်ခွဲ၍ လုပ်ကိုင်ခွင့်ချထားပေးခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ဖော်ထုတ်လုပ်ကွက်များ အဆိုပြုလွှာခေါ်ယူခြင်းမပြုဘဲ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အစီအစဉ်အရ ကျောက်မျက်ရတနာထွက်ရှိနိုင်သော နေရာများကို သတ်မှတ်လုပ်ကွက်များ အကွက်ရိုက်သတ်မှတ်၍ ဈေးပြိုင်အဆိုပြုလွှာခေါ်ယူပြီး လုပ်ကိုင်ခွင့် ချထားပေးခဲ့ပါကြောင်း၊ ထို့ပြင် ယခင်လုပ်ကိုင်ခွင့်ချထားပေးခဲ့သော လုပ်ကွက်များတွင် ယခုအခါ တူးဖော်လုပ်ကိုင်ခြင်း မရှိသည့် လစ်လပ်လုပ်ကွက်များ ကျန်ရှိနေခြင်းကြောင့် မိုးကုတ်ရတနာမြေတွင် ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လောလောဆယ် ကြော်ငြာခေါ်ယူထားခြင်း မရှိသေးပါကြောင်း။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၏တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတက လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးရန်မှတ်ချက်ပြုလမ်းညွှန်ချက်အရ မိုးကုတ်မြို့နယ်ရှိ ဒေသခံပြည်သူများကို ကျောက်မျက် တစ်ပိုင်တစ်နိုင်လုပ်ပိုင်ခွင့်နှင့် လုပ်ကွက်ကြီးများမှ စွန့်ပစ်သောရေနှင့်ခဲမှုန်ပစ်စာများအား ရှာဖွေလုပ်ကိုင် ခွင့်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအတွင်း ကျောက်မျက်လုပ်ငန်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခွင့်ရကြမည် သို့မဟုတ် လုပ်ကွက်ကြီးများမှ စွန့်ပစ်သောရေနှင့်ခဲမှုန်ပစ်စာများကို ရှာဖွေလုပ်ကိုင်ကြမည်ဆိုပါက ၂၀၀၄ခုနှစ် တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခွင့်များပေးခဲ့စဉ်ကဖြစ်ပေါ်ခဲ့သော တစ်ဦးလုပ်ကွက်အတွင်းသို့တစ်ဦး မြေအောက်မှလိုဏ်ခေါင်းဖောက် တူးဝင်ကျူးကျော်မှုများ၊ အငြင်းပွားမှုများပိုမိုဖြစ်ပွားလာနိုင်ပါသဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်ရေး၊ အရေးယူဆောင်ရွက်နိုင်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက မိုးကုတ်ရတနာမြေရှိ လုပ်ကွက်များမှ သက်တမ်းကုန်သတ်မှတ်လုပ်ကွက်များ၊ သက်တမ်းကုန် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို (၂)လတစ်ကြိမ်သတင်းစာများတွင် ကြော်ငြာခေါ်ယူလျက်ရှိပြီး လုပ်ငန်းလုပ်ကိုင်လိုသူများသည် ကျောက်မျက်ရတနာတူးဖော်ခွင့်ရှိသော ကုမ္ပဏီများ၊ သ/မအသင်းများ၊ အဖွဲ့အစည်းများအဖြစ် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားကာ လုပ်ငန်း လုပ်ဆောင်နိုင်သည့် အခွင့်အရေးများရှိနေပါကြောင်း၊ အလားတူ မိုးကုတ်ဒေသခံပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း လက်ရှိကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခွင့်နှင့် လုပ်ကွက်ကြီးများမှ စွန့်ပစ်သောရေနှင့်ခဲမှုန်ပစ်စာများရှာဖွေလုပ်ကိုင်ခွင့်တို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးသွားရန်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **ရှမ်းပြည်နယ်သည် ရေမြေအနေအထား၊ ရာသီဥတု ထူးခြားသည့်ဒေသဖြစ်၍ မြို့နယ်အနည်းငယ်၌သာ နွေစပါးဖြစ်ထွန်းအောင်မြင်မှုရှိပြီး မြို့နယ်အများစုတွင် နွေစပါးဖြစ်ထွန်းအောင်မြင်မှုမရှိပါသောကြောင့် ရှမ်းပြည်နယ်အနေဖြင့် နွေစပါးစိုက်ပျိုးမှုကို စီမံကိန်းသီးနှံအဖြစ်မှ ဖျက်သိမ်းပြီး အမှန်တကယ်ဖြစ်ထွန်းသော မြေအခြေအနေပေးသည့်မြို့နယ်များ၌ စိုက်ပျိုးရန်နှင့် နွေစပါးဖြစ်ထွန်းမှုမရှိသေးသော မြို့နယ်များတွင် တောင်သူနှင့်နိုင်ငံတော်အတွက် အကျိုးရှိစေသည့် အခြားအစားထိုးသီးနှံများ စိုက်ပျိုးခွင့်ပြုရန် စီစဉ်ပေးနိုင်မှုရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်

စာမျက်နှာ ၅ ကော်လံ ၁သို့

❑ စာမျက်နှာ ၄ မှ

ရှမ်းပြည်နယ် နောင်ချိုမြို့နယ်အတွင်းရှိ အင်းကြီးကန်ရေကို ပတ်ဝန်းကျင်ကျေးရွာရှိ လူပေါင်း(၂၀၀၀၀)ခန့်က သောက်ရေသုံးရေ၊ ကျွဲနွားအတွက်ရေနှင့်စိုက်ပျိုးရေး အတွက်ပါ မှီခိုအားထားအသုံးပြုနေကြရပြီး ရာသီဥတုပြင်းထန်ပြီး အပူရှိန်များသော ကာလများတွင် ကန်ရေခန်းခြောက်လေ့ရှိရာ ယင်းရေကို မှီခိုနေကြသော ပတ်ဝန်းကျင် ပြည်သူများ ရေရှားပါးသည့်အခက်အခဲနှင့် ကြုံတွေ့နေသောကြောင့် အင်းကြီး သဘာဝရေကန်အား ဆည်အဖြစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိ လိုကြောင်း မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိုင်ငံတော်သည် ပြည်သူအများ အဓိက စားသုံးနေသော ဆန်စပါးကို စိုက်ပျိုးထုတ်လုပ်မှုစီမံဆောင်ရွက်ရာတွင် စားနပ်ရိက္ခာ ဖူလုံမှု၊ အရန်ဆန်ထားရှိမှု၊ ပိုလျှံသည်များကို နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပ တင်ပို့မှုစသည့် လိုအပ်ချက်များပြည့်ဝစေရန် မိုးစပါး၊ နွေစပါးစိုက်ပျိုးရေးများကို အားပေး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒေသအလိုက် ဆန်ဖူလုံရေးကိုလည်း အားပေး လျက်ရှိပါကြောင်း။

ဆန်စပါးတိုးတက်ထုတ်လုပ်နိုင်ရန် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုးစပါးစိုက်ပျိုးမှုအပြင် နွေစပါး စိုက်ပျိုးရာတွင် ဒေသရေမြေ ရာသီဥတု အခြေအနေနှင့်ကိုက်ညီဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးသူများအတွက် အကျိုးဖြစ်ထွန်းနိုင်သော နေရာဒေသများ၌ သင့်တော်သည့် စပါးမျိုးများကို နွေစပါးအဖြစ်ရွေးချယ်စိုက်ပျိုးနိုင်အောင် ပြည်ထောင်စုအစိုးရအဖွဲ့အနေ နှင့်ရော တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနှင့်ပါ ကူညီဆောင်ရွက်ပေးနေ ခြင်းဖြစ်ပါကြောင်း၊ ရေမြေရာသီဥတုနှင့်သင့်တော်မှုမရှိသော၊ မဖြစ်ထွန်းနိုင်သောနေရာ များတွင် နွေစပါးစိုက်ပျိုးခြင်းကို အားပေးခြင်းမျိုးမရှိပါကြောင်း၊ ယင်းနေရာမျိုးများတွင် အခြားသင့်လျော်သော ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီ ဖြစ်ထွန်းအောင်မြင်မည့်၊ အကျိုးအမြတ်ရှိမည့်သီးနှံများကို စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ် စိုက်ပျိုးနိုင်မှုအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်သည့်နည်းပညာအကူအညီများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ အင်းကြီးကန်ရေကို ပတ်ဝန်းကျင်ကျေးရွာ (၃၅)ရွာ၊ လူဦးရေ (၂၀၀၀၀) ခန့်မှ သောက်ရေသုံးရေ၊ ကျွဲနွားအတွက်ရေနှင့် စိုက်ပျိုးရေးအတွက် ပါ မှီခိုအားထားအသုံးပြုနေရသည်ကို တွေ့ရှိရပါကြောင်း၊ အင်းကြီးကန်ကို ဆည်အဖြစ် တည်ဆောက်ပေးမည် ဆိုပါက ရေလုံလောက်စွာ ရရှိမည်ဖြစ်ပြီး နယ်မြေလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် ဆောင်ရွက်သင့် သောလုပ်ငန်းဖြစ်သည်ဟု ယူဆပါ ကြောင်း၊ သို့သော်လည်း အင်းကြီးသဘာဝ ရေကန်ကို ဆည်အဖြစ်တည်ဆောက် နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ စူးစမ်းလေ့လာ မှုများကို ဦးစွာဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း၊ သို့ဖြစ်၍ မြေပြင်တိုင်းတာခြင်း၊ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း နှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း များကို ဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ စူးစမ်းလေ့လာမည်ဖြစ်ပါကြောင်း ဖြင့် ပြန်လည်ဖြေကြားသည်။

အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

နောင်ချို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

အုတ်တွင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရေကြည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်၌ တင်သွင်း အတည်ပြုပြီးသည့် "ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်း" ကို စက်တင်ဘာ ၉ ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိထားပြီးဖြစ်ရာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လာမည့်အပတ်အတွင်း ဆွေးနွေးရန်လျာထားပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းဥပဒေကြမ်းကို စိစစ်၍ ကော်မတီ၏အစီရင်ခံစာ နှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းရမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလို သည့် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့်"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်"ကို တိကျစွာဖော်ပြ၍ စက်တင်ဘာ ၁၄ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံး ထားပြီး အမည်စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရှိရသည်။

စက်တင်ဘာ ၈ ရက်နေ့က တင်သွင်းခဲ့သော ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ၏ **စပါးစိုက်ပျိုးရမည့် ဧရိယာ(မိုးစပါး၊ နွေစပါး)ကို မူဝါဒတစ်ရပ်သတ်မှတ်ဆောင် ရွက်သင့်ကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်က ဆွေးနွေးရာတွင် လက်ရှိတည်ရှိနေသော စပါးစိုက်ပျိုးမြေဧကကို တတ်နိုင်သမျှ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ခြင်းသည်သာ ဆန်စပါးစိုက်ပျိုးလုပ်ကိုင်သူ တောင်သူများ၏ လူနေမှုဘဝ တည်ငြိမ်မှုရှိစေရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးတို့အတွက် အကာအကွယ်ပေးဆောင်ရွက်သွားနိုင်မည်ဖြစ် သည့်အတွက် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်က ဆွေးနွေးရာတွင် တိုးပွားလာမည့်လူဦးရေ အတွက် မြို့မြေများ သတ်မှတ်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးပြုခြင်း ကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဤအဆိုကိုထောက်ခံပါ ကြောင်းဖြင့် ဆွေးနွေးသည်။

မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဆွေးနွေးရာတွင် ယနေ့ကမ္ဘာတွင် တစ်ဧက ပျမ်းမျှ စပါးတင်း(၁၅၀) ထွက်ရှိမှုနှင့်အတူ တစ်ဧကတွင် စပါးတစ်သီးလျှင် ဆန်(၂)တန်ကို ထုတ်လုပ်နိုင်ပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေး သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်က ဆွေးနွေးရာတွင် စပါးစိုက်ပျိုးရေးအတွက် အဓိကမရှိမဖြစ်လိုအပ်သော လယ်မြေများကို အခြားနည်းလမ်းများတွင် အသုံးမပြု နိုင်ရေးမူဝါဒတစ်ရပ်ချမှတ်၍ ကာကွယ်ပေးရမည်ဖြစ်သည့်အတွက် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်က ဆွေးနွေးရာတွင် နိုင်ငံတော် အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စပါးစိုက်ပျိုးမည့်ဧရိယာများကို စီမံချက် ရေးဆွဲပြီး ဆောင်ရွက်ပေးသင့်ကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ တွင် "နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊ (ခ) စိုက်ပျိုး ထုတ်လုပ်သည့် ကောက်ပဲသီးနှံများသင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက် မည်"ဟူ၍ ဖော်ပြပြဋ္ဌာန်းထားရှိပါကြောင်း၊ ဆန်စပါးထုတ်လုပ်နေကြသည့် တောင်သူ များ အနေဖြင့် အခြားသောသီးနှံများနှင့်နှိုင်းယှဉ်ပါက ဝင်ငွေတိုးတက်ရရှိစေနိုင်မည့် နည်းလမ်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ပေးရန် လိုအပ်လျက် ရှိပါကြောင်း။

ဆန်စပါးသီးနှံ တစ်ဧကအပေါ် အခြားသော သီးနှံများနှင့် နှိုင်းယှဉ်ပါက ဝင်ငွေ အကျိုးခံစားရမှုပိုမိုတိုးတက်ရရှိနိုင်အောင်၊ တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်အား လျော့နည်းသက်သာအောင် ဆောင်ရွက်ပေးခြင်း၊ စပါးဈေးနှုန်းအား တောင်သူများဈေးကွက်တန်ဖိုး၏အကျိုးကို ခွဲဝေခံစားနိုင်အောင် တည့်မတ်ထိန်းကျောင်းပေးခြင်း စသည့်နည်းလမ်းများအားဖြင့် စပါးစိုက်တောင်သူများတွက်ခြေကိုက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ကကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုခိုင်မာအောင် ဖွင့်ပေးရမည့် ခေတ်ကာလတွင် တောင်သူလယ်သမားများ စပါးသီးနှံမှ ဝင်ငွေတိုးတက် ရရှိနိုင်အောင်၊ တွက်ခြေကိုက်အောင် ဆောင်ရွက်ပေးခြင်းနည်းလမ်းအားဖြင့် စပါးစိုက် လိုအားကို ဆန္ဒအရပိုမိုတိုးတက်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ပါ ကြောင်း၊ ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ စပါးစိုက်ဧက သတ်မှတ်ပေးမည်ဆိုပါက စိတ်ဆန္ဒမပါသော လုပ်ငန်းအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရန် ခက်ခဲနိုင်မည်ဖြစ်သကဲ့သို့ ဆန်စပါးကဏ္ဍ အရည်အသွေးတိုးတက်ရေးနှင့် ထုတ်လုပ်မှုတိုးတက်ရေးကိုလည်း ဖော်ဆောင်ရန် အဟန့်အတားဖြစ်လာနိုင်ဖွယ်ရာရှိပါကြောင်း။

သို့ဖြစ်၍ အဆိုပြုတင်ပြချက်ဖြစ်သည့် မိုးစပါး၊ နွေစပါးစိုက်ဧကကို ဥပဒေတစ်ရပ် သတ်မှတ်ပြဋ္ဌာန်းရန် အဆိုအပေါ် တောင်သူလယ်သမားများစိတ်ဆန္ဒဖြင့် စိတ်တူ၊ ကိုယ်တူဆန္ဒတူဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်အောင် ကိုယ်တိုင်ဆန္ဒဖြင့် စပါးတစ်သီး၊ စပါးနှစ်သီး ပါဝင်စိုက်ပျိုးလာစေရေး၊ အခြားသောသီးနှံများနှင့် နှိုင်းယှဉ်ပါက ပိုမိုဝင်ငွေအကျိုးတွက်ခြေကိုက်ရေးအတွက် လက်တွေ့နည်းလမ်းဖြင့်သာ အားပေးဆောင်ရွက်ကြရန် လျော်ကန်သင့်မြတ်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးလွန်းသီ၏အဆိုသည် သီးခြားထပ်မံဆောင်ရွက်ရန် မလိုတော့သည့် အဆိုဖြစ်ပြီး မှတ်တမ်းတင်ထားရှိရန် လွှတ်တော်ကသဘောတူသည့်အတွက် လွှတ်တော် က မှတ်တမ်းတင်ထားရှိကြောင်း ဆုံးဖြတ်သည်။

စက်တင်ဘာ(၁)ရက်နေ့က တင်သွင်းခဲ့သည့် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး၏**"အများပိုင် ကုမ္ပဏီများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေး"**အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆွေးနွေးကြသည်။

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် အများပိုင် ကုမ္ပဏီများလာလေလေ နိုင်ငံအတွက် အကျိုးကျေးဇူးများလေလေဖြစ်သည့် အတွက် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် ယခုလက်ရှိ အများပိုင်ကုမ္ပဏီ (၂၁)ခုသာရှိသေးသည့်အတွက် အများပိုင်ကုမ္ပဏီများအဖြစ် ပြောင်းလဲမှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုနိုင်ရန် ဆောင်ရွက်ပေးသင့် ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဆွေးနွေးရာတွင် အများပိုင်ကုမ္ပဏီများ ကျယ်ကျယ် ပြန့်ပြန့်ပေါ်ပေါက်လာပြီး ခိုင်မာတောင့်တင်းသောလုပ်ငန်းစုအဖြစ် ရပ်တည်နိုင်ရန် ဥပဒေများဖြင့်အကာအကွယ်ပေးပြီး အုပ်ချုပ်ရေးအာဏာဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း များကို နိုင်ငံတော်က စနစ်တကျပုံစံချဆောင်ရွက်ရန် လိုအပ်သော အချိန်အခါရောက်ရှိ နေပြီဟု ထင်မြင်ယူဆပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်က ဆွေးနွေးရာတွင် ပြည်သူများ၏ ဆန္ဒနှင့် အညီ လွတ်လပ်စွာ ဈေးကွက်စီးပွားရေးဖော်ဆောင်ရာတွင် ပုဂ္ဂလိကကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုနေသည့်နည်းတူ အများပိုင်ကုမ္ပဏီများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေးအတွက် ဤအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဖြင့်ဆွေးနွေးသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ဆွေးနွေးရာတွင် အများ ပိုင် ကုမ္ပဏီများသည် လုပ်ငန်းလည်ပတ်နေမှုကို အမြဲပြသနိုင်ရမည်ဖြစ်ပြီး စည်းမျဉ်း များကိုလည်း အမြဲတမ်းလိုက်နာရမည်ဖြစ်ပါကြောင်းနှင့် ဤအဆိုကိုထောက်ခံပါ ကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုအစိုးရအနေဖြင့် ဈေးကွက်စီးပွားရေးကို ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေး မူဝါဒများ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့ ဖော်ဆောင်ခြင်း အားဖြင့် ငွေကြေးအရင်းအနှီးဈေးကွက်၊ အစုရှယ်ယာဈေးကွက်များ ဖော်ဆောင်နိုင်ပါ က ပုဂ္ဂလိကများ၏ အစုရှယ်ယာဈေးကွက်များပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ငွေကြေးအရင်းအနှီးဈေးကွက်၊ အစုရှယ်ယာဈေးကွက် ဖြစ်ပေါ်တိုးတက်မှုသည် ကနဦးအဆင့်တွင်သာရှိပြီး အရင်းအနှီးဈေးကွက်ပေါ်ပေါက် လာရန်အတွက် အများပိုင်ကုမ္ပဏီ များများတည်ထောင်၍ ရှယ်ယာရောင်းချနိုင်ခြင်း သည် အမှန်ကန်ဆုံးနှင့်အသင့်လျော်ဆုံးဖြစ်ရာ အများပိုင်ကုမ္ပဏီနှင့် အရင်းအနှီး ဈေးကွက်သည် အပြန်အလှန်မှီခိုမှုရှိနေပါကြောင်း။

အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်ထွန်းလာလျှင် မြန်မာနိုင်ငံသည် အာဆီယံ ကုန်စည်များစီးဝင်မှု၊ ကမ္ဘာ့ကုန်စည်များ စီးဝင်မှုများရှိလာနိုင်သဖြင့် မြန်မာနိုင်ငံရှိကုမ္ပဏီ များကလည်း ကိုရီးယားနိုင်ငံရှိ လုပ်ငန်းရှင်ကြီးများနှင့် ဂျပန်နိုင်ငံရှိလုပ်ငန်းရှင်ကြီးများ ကဲ့သို့ စီးပွားရေးကော်ပိုရေးရှင်းများ တည်ထောင်ပြီး အရင်းအနှီး ကြီးမားစွာဖြင့် အခြား အာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ ယှဉ်ပြိုင်နိုင်ရေးအတွက် အများပိုင်ကုမ္ပဏီများဖြစ်ပေါ်လာရေးသည် အရေးကြီးသောကဏ္ဍတွင်ရှိပါကြောင်း။

ရှေးယခင်ကအများပိုင်ကုမ္ပဏီအချို့ကိုခွင့်ပြုခဲ့သော်လည်း နောက်ပိုင်းတွင် အချို့ အများပိုင်ကုမ္ပဏီများက အများပြည်သူထည့်ဝင်ထားသော အစုရှယ်ယာများအပေါ် တွင် အကျိုးအမြတ်တရားဝင်ကြေညာမှုမရှိခြင်း၊ အလွဲသုံးစားပြုခြင်းဖြစ်စဉ်များကြောင့် အများပိုင်ကုမ္ပဏီများဖွဲ့စည်းခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများ အရင်းအနှီးနည်းပါးမှုကြောင့် အရင်းအနှီးများ စုဆောင်း လုပ်ဆောင်နိုင်ရန်နှင့် အများပိုင်ကုမ္ပဏီများ အလေ့အကျင့်ကောင်းများရရှိစေရန် နိုင်ငံ တော်က ပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ အဖွဲ့ဝင်(၅၀)အထိ ပါဝင်သည့် ဆန်စပါး အထူးပြုနှင့် ပဲအထူးပြုကုမ္ပဏီများ ဖွဲ့စည်းခွင့်ပြုခဲ့ပြီး အစုရှယ်ယာများကို အစည်း အဝေးခေါ်ယူခြင်း၊ အသိပေးခြင်းစသည့် အလေ့အကျင့်ကောင်းများဖြင့်ကြိုးပမ်း ဆောင်ရွက်ရန် အားပေးခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ယခုအခါ ပြည်ထောင်စုအစိုးရ အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရာတွင် ငွေကြေးဈေးကွက်၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းသို့ဆောင်ရွက်ရာတွင် အဓိက အရေး ပါသည့် အများပိုင်ကုမ္ပဏီများဖွဲ့စည်း ခြင်း၊ ငွေကြေးဈေးကွက်ထူထောင်ခြင်းဖြင့် ပြည်သူများ ထည့်ဝင်ပူးပေါင်းပါဝင် စေရေးကို ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း၊ သို့ဖြစ်၍ ဦးမောင်ဦး၏ အဆိုအား သဘောတူထောက်ခံပါ ကြောင်းနှင့် ဥပဒေနှင့်အညီအများပိုင် ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုရေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန် လည် ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင်ဦးမောင်ဦး၏ အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူသည့်အတွက် ယင်းအဆိုကို လွှတ်တော်ကမှတ်တမ်းတင်ထားရှိပြီး အဆိုနှင့် ဆက်စပ်ကိစ္စများကို စောင့်ကြည့်၍တိုးတက်မှုရှိရေး တွန်းအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေက**"ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက်ချမှတ်လုပ်ဆောင် ပေးရန်"**အဆို၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက **"မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး"**အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆိုများကို စက်တင်ဘာ ၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော်၌ ယာဉ်စည်းကမ်းထိန်းသိမ်းမှုကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

စက်တင်ဘာ ၁ ရက်မှ ၉ ရက်အထိ မော်တော်ဆိုင်ကယ် မတော်တဆမှုခုနစ်မှု ဖြစ်ပွားခဲ့၍ ဒဏ်ရာရကိုးဦး၊ သေဆုံးနှစ်ဦး ရှိခဲ့ပြီး မော်တော်ယာဉ်မဆင်မခြင်မောင်းနှင် မှုကြောင့် ယာဉ်မတော်တဆမှုခုနစ်မှု၊ ဒဏ်ရာရ ၃၄ ဦး၊ သေဆုံးတစ်ဦးရှိခဲ့သည်။

မော်တော်ဆိုင်ကယ်များ စနစ်တကျ မောင်းနှင်သွားလာစေရေးနှင့် အရှိန်ပြင်း မဆင်မခြင် မောင်းနှင်ခြင်းတို့ကို စစ်ဆေး ကာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၁ ဖောက်ဖျက်ကျူးလွန်လျှင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ ၂၆ အရ တရားစွဲတင် ဆောင်ရွက်နိုင်ရန် စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များ စည်းကမ်းတကျ မောင်းနှင်သွားလာစေရေး အတွက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးကြပ်မတ်အရေးယူ ဆောင်ရွက် နေမှုများကို နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ခရိုင်အထွေထွေအုပ်ချုပ် ရေးမှူး ဦးအောင်ခင်နှင့် ဆပ်ကော်မတီ ဝင်များက လိုက်လံစစ်ဆေးကြပ်မတ်ခဲ့ သည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေ

နေပြည်တော် စက်တင်ဘာ ၁၂

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၇၀ စင်တီမီတာသို့ ရောက်ရှိနေ ပြီး စိုးရိမ်ရေမှတ်အထက် ၇၀ စင်တီမီတာ(၂ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မတူတွေထဲမှ အတူ

ရတနာစည်ဆရာတော်(လှိုင်လင်)

မတူတွေ

လက်ငါးချောင်းကိုဖြန့်ကြည့်လိုက်ပါ။ မတူကွဲပြားနေပါသည်။ လက်မက ပု၍ လက်ညှိုးက အနည်းငယ်ရှည်ကာ လက်ခလယ်မှာမူ အရှည်ဆုံးဖြစ်ပြီး လက်သူကြွယ်နှင့် လက်သန်းတို့က အဆင့်ဆင့် ပြန်တိုလာကြပါသည်။ သဘာဝကပေးသော မတူကွဲပြားမှု ဖြစ်ပါ၏။

အတူ

တစ်ဖန် ယင်းသဘာဝကပင် မတူကွဲပြားသည့်ကြားမှ တူတာကိုလည်း ပေးထားပြန်ပါ၏။ လက်ငါးချောင်းလုံး၏ တူညီမှုမှာ "လှုပ်အား" ဖြစ်ပါသည်။ လက်မမှသည် လက်သန်းအထိ လက်ချောင်းအသီးသီး လှုပ်ရှားနိုင်စွမ်း ရှိကြခြင်းဖြစ်ပါ၏။

အတူ၏အစွမ်း

ယင်းတူညီသော လှုပ်ရှားနိုင်စွမ်းကို အတူတကွ ပူးပေါင်းဖော်ဆောင်နိုင်ကြပါလျှင် လက်ငါးချောင်းလုံး၏ "ဆုပ်ကိုင်နိုင်စွမ်း"နှင့် "တွန်းဖယ်နိုင်စွမ်း" ဟူသည့် အစွမ်းကဏ္ဍကြီး(၂)ရပ် ပေါ်ထွန်းလာပါမည်။ လက်ဝါးပြင်ကို မှီလျက်တည်ရှိလာသော လက်ငါးချောင်းလုံး၏ တူညီသည့် လှုပ်ရှားနိုင်စွမ်းဖြစ်ပါသည်။

အစွမ်းအသုံးချ

မည်သူမည်သည့်အရာများကို ပိုင်ဆိုင်ဆုပ်ကိုင်ထားချင်ပါသလဲ။ လက်ငါးချောင်းဖြင့် ဆုပ်ကိုင်ထားပါ။ မည်သူ မည်သည့်အရာများကို တွန်းလှန် ဖယ်ရှားချင်ပါသလဲ။ လက်ငါးချောင်းဖြင့် ဖယ်ရှားလိုက်ပါ။

မတူတွေ

ယနေ့မြန်မာနိုင်ငံမှာရော ကမ္ဘာ့နိုင်ငံအသီးသီးမှာပါ မတူတာတွေအဖုံဖုံ၊ ကွဲပြားတာတွေအစုံစုံ တွေ့မြင်နေကြရကုန်၏။

ယနေ့မြန်မာနိုင်ငံတော်၌ နိုင်ငံတော်သမ္မတ ဦးဆောင်သော အစိုးရသစ် ပေါ်ထွန်းလာကာ အချိန်တို၊ ကာလတိုအတွင်းမှာပင် ပြည်သူလူထုအကျိုးစီးပွား အတွက် ဆောင်ရွက်ချက်များစွာကို အချိန်နှင့်အမျှ ဖော်ဆောင်ပေးနေကြောင်း တွေ့မြင်နေရသလို မတူသော၊ ကွဲပြားသော အနေအထားတွေကိုလည်း တွေ့မြင်ရဆဲပင်ရှိနေပါ၏။ အမြင်မတူသော၊ ရပ်တည်ချက်မတူသော စသည့် စသည့် မတူတွေ၊ မတူတွေ ဖြစ်ပါသည်။

အတူ

ယင်းမတူတွေအပေါ် နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်ကတော့ "မတူတာတွေ ဘေးဖယ်ထား၊ တူတာတွေမှာ အတူကြိုးစား" ဟူ၍ဖြစ်ပါ၏။ တကယ့်စေတနာမှန်ဖြစ်၏။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကောင်းစားဝပြောစေလိုသော သမ္မာဆန္ဒဖြစ်၏။ မတူတာတွေအပေါ် ငြင်းခုံမနေကြဘဲ၊ ငြင်းခုံနေခြင်းဖြင့် အချိန်အလဟဿမကုန်စေဘဲ ယင်းမတူတာတွေကို ဘေးဖယ်ထားကာ တူတာတွေမှာ အတူကြိုးစားနိုင်ကြဖို့ အားလုံး၊ အားလုံးတို့ကို လမ်းဖွင့်ဖိတ်ခေါ်ပြီး ဆွေးနွေးလျက်ရှိ၏။ စကားပြောလျက်ရှိ၏။ သဘောထားတွေ ညှိနှိုင်းလျက်ရှိ၏။

"ရိုးသားတဲ့ စိတ်ရင်းစေတနာရှိသူတိုင်းဟာ ကိုယ့်နိုင်ငံကို ချစ်ကြပါတယ်။ ကိုယ့်နိုင်ငံကို ကောင်းစားစေလိုကြပါတယ်။ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေလိုကြပါတယ်။ ကိုယ့်မြေ ကိုယ့်ပြည် ကိုယ့်ဆွေမျိုး အသိုင်းအဝိုင်းကို ခင်တွယ်ကြပါတယ်။ ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့ဘောင်အဖွဲ့အစည်းကို ထူထောင်လိုကြပါတယ်။ ဒါဟာ . . . ကျွန်တော်တို့ရဲ့ တူညီတဲ့ဆန္ဒဖြစ်ပါတယ်"

ဦးသိန်းစိန်၊ နိုင်ငံတော်သမ္မတ။
မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ပြောကြားသော မိန့်ခွန်း။
(၁၇-၈-၂၀၁၁)

အတူ၏အစွမ်း

နိုင်ငံကိုချစ်ခြင်း၊ ပြည်ထောင်စုကြီးကို ချစ်ခြင်းသည် "ပြည်ထောင်စု မပြိုကွဲရေး" ဖြစ်ပြီး ရှေးပဝေသဏီ ကာလကတည်းက မျိုးနွယ်စုတစ်ရာကျော် ပေါင်းစည်းယှက်နွယ် ဆက်သွယ်ခင်မင် မေတ္တာယှဉ်တည်ရှိနေခြင်းက "တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး" ဖြစ်ကာ သူ့နိုင်ငံ၏ သြဇာခံမဖြစ်လိုဘဲ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်အကျိုးကို ဆောင်လိုခြင်းက "အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ပင် ဖြစ်တော့ရာ ယင်းအပေါ် တူညီသော အမြင်၊ တူညီသောဆန္ဒများ အခြေခံထား၍ လှုပ်ရှားကြပါလျှင်၊ ကြိုးစားကြပါလျှင် အတူ၏အစွမ်းတရားသည် ထွန်းကားလာမည် ဧကန်ဖြစ်ပါ၏။

ယင်းအတူ၏အစွမ်းဖြင့်သားစဉ်မြေးမြစ် မျိုးဆက်သစ်တို့အတွက် ကောင်းမွန်သော အမွေခံ ပတ်ဝန်းကျင်ပေါ်ထွန်းရေး အားမွေးကြိုးပမ်းကြရပါမည်။

အစွမ်းအသုံးချ

နိုင်ငံတစ်ဝန်း အေးချမ်းသာယာလျက် တိုင်းရင်းသား အားလုံး စည်းလုံးညီညွတ်စွာ မိမိအကျိုး၊ မိမိဒေသအကျိုး၊ မိမိနိုင်ငံအကျိုး ပွားတိုးမြင့်မားလာစေရေး ရှေးရှု၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများသာမက ပြည်သူလူထုအားလုံးတို့၏ ပူးပေါင်းလှုပ်ရှားနိုင်စွမ်းကို ဖော်ထုတ်ခြင်းဖြင့် ပြည်သူလူထုကောင်းကျိုးချမ်းသာကို "ဖမ်းယူနိုင်စွမ်း၊ ဆုပ်ကိုင်နိုင်စွမ်း" ဟူသော ကဏ္ဍကြီးတစ်ရပ်နှင့် ပြည်သူလူထု ဆိုးကျိုးဆင်းရဲကို "တွန်းလှန်နိုင်စွမ်း၊ ဖယ်ရှားနိုင်စွမ်း"ဟူသော ကဏ္ဍကြီးတစ်ရပ် ဧကန် ပေါ်ထွန်းလာမည်သာ ဖြစ်ပါသည်။

ယင်းကဏ္ဍကြီး(၂)ရပ် ပြတ်သားထင်ရှားစွာ ပေါ်ထွန်းလာသည်နှင့်အမျှ ဒီမိုကရေစီပွင့်၏ သင်းကြူခြင်းနှင့် ဒီမိုကရေစီသီး၏ ချိုမြိန်ခြင်းကို ပြည်သူအားလုံး နမ်းရှုစားသုံးနိုင်ကြကာ သာယာဝပြောသော လူ့ဘောင်အဖွဲ့အစည်းကြီး သိပ်သည်းကျစ်လျစ် တည်ဖြစ်လာတော့မည် ဧကန်ပါပင်။

ပုသော၊ မြင့်သော၊ တိုသော၊ ရှည်သော စသည့် သဘာဝ၏ မတူကွဲပြားမှုများထဲမှ လှုပ်အားဟူသည့် သဘာဝ၏ တူညီမှုအပေါ် အတူတကွ ရပ်တည်ကြရင်း ပြည်သူလူထုအကျိုးစီးပွားသို့ တူရှုပြုကာ လူထုကောင်းကျိုးချမ်းသာကို "ဆုပ်ကိုင်နိုင်စွမ်း" နှင့် လူထုဆိုးကျိုးဆင်းရဲကို "ဖယ်ရှား နိုင်စွမ်း" များဖြင့် အားဝင့်မာန်ထားမြိန်းကြား လှုပ်ရှားနေကြရမည် ဖြစ်ပါသတည်း။ ။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ဒလမြို့နယ် သီရိဇေယျ နော်ရထာခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ မတည်ရင်းနှီး ဝိုင်းကြီးချုပ်စနစ်ဖြင့် သင့်လျော်သည့် အရင်းအနှီးများ ထုတ်ချေး

နေပြည်တော် စက်တင်ဘာ ၁၂

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် အရင်းအနှီး လိုအပ်နေသေးသည့် တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများအတွက် လိုအပ်သည့်အရင်းအနှီးများ ချေးယူနိုင်ရေး အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများကို စိတ်တူကိုယ်တူရှိသော လုပ်ငန်းရှင်များနှင့် အရင်းအနှီး လိုအပ်သူများကိုယ်တိုင် ထည့်ဝင်နိုင်သည့် စုငွေများထည့်ဝင်မတည်ရင်းနှီးပြီး အရင်းအနှီး လိုအပ်သူများအား ငါးဦးလျှင် တစ်ယောက်နှုန်း ဝိုင်းကြီးချုပ်စနစ်ဖြင့် သင့်လျော်သည့် အရင်းအနှီးများ ထုတ်ချေးရန်၊ မည်သည့်ပုဂ္ဂိုလ်မဆို စိတ်ရင်းစေတနာမှန်စွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ် အရင်းအနှီးလိုအပ်သူများအား အောက်ခြေအထိဆင်း၍ စေတနာဖြင့် မှန်မှန်ကန်ကန်ကူညီဆောင်ရွက်ပေးရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ထုံးလုပ်နည်းများ စနစ်တကျသတ်မှတ်ပေးပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သီရိဇေယျ နော်ရထာခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ထူထောင်ရေးအတွက် မတည်ရင်းနှီးငွေများရရှိမှု၊ မတည်ရင်းနှီးငွေ ချေးယူလိုသည့် တောင်သူလယ်သမားများနှင့် လက်လုပ်လက်စားများအခြေအနေတို့ကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ နိုင်ငံသားလုပ်ငန်းရှင် တစ်ဦး လုပ်ကိုင်နေသော မြန်မာ့ကျောက်စိမ်းအချောထည်များ၊ လက်ဝတ်ရတနာများ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး တန်ဖိုးမြင့် ကျောက်စိမ်းလက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ တိုးမြှင့်ထုတ်လုပ်ရေး၊ နေပြည်တော်၌လည်း လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ စာရေးဆရာ ဒေါက်တာချစ်စံဝင်းက "ဆင်းရဲမှု လျှော့ချရေးအတွက် ပညာရေး" ခေါင်းစဉ်ဖြင့် ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) အသင်းတိုက် ခန်းမအမှတ် (၃၇/၄၁) လေးလွှာ လမ်း (၅၀)အောက်၌ စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အသင်းရုံး ဖုန်း-၂၉၁၆၆၇နှင့် ပြန်ကြားရေးမှူး ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀ တို့သို့ စုံစမ်းနိုင်သည်။ (ကြေးမုံ)



တောင်ငူအသင်း(ရန်ကုန်)၏ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း မန္တလေးနည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာ ပါရဂူဘွဲ့ရရှိပြီး ဂျာမနီနိုင်ငံမှ အင်ဂျင်နီယာပါရဂူဘွဲ့(Doctor of Engineering) နှင့် Post Doctoral Degree ဘွဲ့များ ရရှိခဲ့သော ဒေါက်တာဆုမြတ်ရွှေစင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေတို့ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့နိုင်

နေပြည်တော် စက်တင်ဘာ ၁၂

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းပြီးသည့်နေ့မှ ယနေ့အထိ ခြောက်နှစ်တာ ကာလအတွင်း လူကုန်ကူးမှု ၇၃၁ မှု၊ လူကုန်ကူးသူ တရားခံပေါင်း ၂၀၄၃ ဦး(အမျိုးသား ၈၁၈ ဦး၊ အမျိုးသမီး ၁၂၃၅ ဦး)တို့အား အရေးယူခဲ့သည်။ လူကုန်ကူးခြင်းခံရသူ ၁၂၉၈ ဦး (အမျိုးသား ၁၆၄ဦး၊ အမျိုးသမီး ၁၁၃၄ ဦး)တို့အား ကယ်တင်နိုင်ခဲ့ပြီး မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့သည်။

လူကုန်ကူးမှုဆိုင်ရာ သတင်းများအား ဆက်သွယ်ပေးပို့နိုင်မည့် ဖုန်းနံပါတ်များမှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈နှင့် ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသန့်တို့သည် နေပြည်တော်၌ ကျင်းပမည့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးထိပ်သီးအစည်းအဝေး (The 4th GMS Business Summit)အတွက် အကြိုညှိနှိုင်းရန်နှင့် GMS-BF Trade and Transport Facilitation Working Group Meeting အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ထွက်ခွာသွားရာ အသင်းချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

သွေးသည် အသက်

စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်မှု အခြေခံသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၂

စီမံခန့်ခွဲရေးပညာသည် မည်သည့်ဌာန/ လုပ်ငန်း၌မဆို ရှေ့တန်းကပါဝင်သော ပညာဖြစ်ကြောင်း၊ စီမံခန့်ခွဲရာတွင်လည်း လုပ်ထုံးလုပ်နည်းညွှန်ကြားလွှာ၊ ညွှန်ကြားချက်ဥပဒေများကို အခြေခံ၍ စနစ်တကျ အစီအစဉ်အတိုင်း ဆောင်ရွက်မှသာ ရည်မှန်းချက်အောင်မြင်မည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲသူသည် အသိပညာဖြင့် ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်ရန်လိုကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးသင်တန်းခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး**(အပေါ်ပုံ)** က အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု ဘာသာရပ်များနှင့် အထွေထွေစီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ အမှုထမ်း ၃၂ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

လွိုင်ကော်-အောင်ပန်းလမ်းနှင့် ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်း အဆင့်မြှင့်တိုးချဲ့ခြင်းလုပ်ငန်းများ ဒုတိယဝန်ကြီးဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လွိုင်ကော်-အောင်ပန်းလမ်း မိုင်တိုင်အမှတ် (၈၆/၅)နှင့် (၈၆/၆)အကြားရှိ Box Culvert ပြန်လည်ပြုပြင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လွိုင်ကော်-အောင်ပန်းလမ်းမှတစ်ဆင့် ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်း မိုင်တိုင်အမှတ်(၅၉/၅) နှင့် (၅၉/၆)အကြား၌ မိုးသည်းထန်စွာရွာသွန်း၍ တောင်မြေပြိုကျမှု နှင့် တောင်ပြိုမြေများ ဖယ်ရှားရှင်းလင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်အမှတ်(၅၀/၇)နှင့် (၅၁/၀)အကြား၌ အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ထင်ရေးတံတား တည်ဆောက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၄၉/၁) အနီး၌ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော ချောင်းခွတံတား တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ်(၄၂/၅)အနီးရှိ လိန်းလီကြိုးတံတားသို့ရောက်ရှိပြီး လိန်းလီကြိုးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် ကမ်းကပ်ခုံမြေသား တည်ငြိမ်စေရေးအတွက် ကျောက်စီနံရံများ တည်ဆောက်နေမှု၊ ပျဉ်းမနားဘက်ကမ်း၌ မြေထိန်းနံရံများတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၃၈/၂)နှင့် (၃၈/၃)အကြား၌ တောင်ပြိုမြေများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်အမှတ်(၂၀/၃)အနီး ကိုးကွေ့စခန်း၌ ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်း အဆင့်မြှင့်တိုးချဲ့ခြင်းလုပ်ငန်း (ကိုးကွေ့-ယင်းမှီးအပိုင်း) လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ကုမ္ပဏီများ နေရာချထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လမ်းလုပ်ငန်းများကို သတ်မှတ်လမ်းစံချိန်စံညွှန်းပြည့်မီအောင် တည်ဆောက်ရန်၊ လမ်းပေါက်များကိုစနစ်တကျ ဖာထေးရန်၊ ပွင့်လင်းရာသီတွင် ကတ္တရာလမ်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ မိမိတာဝန်ယူရသော လမ်းအပိုင်းများ အစဉ်သန့်ရှင်းကောင်းမွန်ရေး ကြိုးပမ်းရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

လိုင်စင်ရ ဧည့်လမ်းညွှန် ၃၀၀၀ ကျော်သာကျန်ရှိ ခရီးသွားကဏ္ဍ မြင့်တက်မည်ဟု မျှော်မှန်း

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍတွင် လုပ်ငန်းခွင်အတွင်း လှုပ်ရှားဆောင်ရွက်နေသည့် လိုင်စင်ရဧည့်လမ်းညွှန်အရေအတွက် ၃၀၀၀ ကျော်သာ ကျန်ရှိတော့သည်ဟုသိရပြီး မြန်မာနိုင်ငံ၏ ခရီးသွားအလားအလာများ တိုးတက်ကောင်းမွန်လာမှုအပေါ်တွင် မူတည်၍ ပြန်လည်မြင့်တက်လာနိုင်ကြောင်း ကျွမ်း ကျင်သူများက သုံးသပ်သည်။

မြန်မာနိုင်ငံတွင် တရားဝင်လုပ်ငန်းလိုင်စင် ခွင့်ပြုခဲ့သည့် ဧည့်လမ်းညွှန်အရေအတွက် ၇၇၃၂ ဦး ရှိခဲ့သော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတော့သူ၊ လိုင်စင်သက်တမ်း တိုးမြှင့်နိုင်ခြင်းမရှိတော့သူများဖြင့် လက်ရှိတွင် လုပ်ငန်းခွင်အတွင်း လှုပ်ရှားဆောင်ရွက်နေသူ လိုင်စင်ရဧည့်လမ်းညွှန်အရေအတွက်မှာ ၃၁၅၃ ဦးသာ ကျန်ရှိတော့သည်ဟု သိရသည်။

မြန်မာ့ခရီးသွားကဏ္ဍ မြှင့်တင်ရာတွင် နိုင်ငံတကာခရီးသွားများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသည့် ဧည့်လမ်းညွှန်များ၏ အခန်းကဏ္ဍမှာ အဓိကနှင့်အခြေခံအကျဆုံးဖြစ်နေသည်။ ထို့ကြောင့် မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် မြန်မာခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့ လက်အောက်တွင် အသင်း ၁၁ သင်း ပါဝင်ဖွဲ့စည်းထားရာ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှာလည်း အပါအဝင်ဖြစ်ပြီး တရားဝင် အသင်းအဖြစ် ဖွဲ့စည်းခွင့်ရရှိခဲ့ပြီးနောက်တွင် အမှုဆောင်အဖွဲ့ ဖွဲ့စည်းကာ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထိပ်ရှိ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေး သင်တန်းကျောင်းတွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံ၏ ခရီးသွား အလားအလာနှင့် ပြည်ပခရီးသွားဝင်ရောက်မှု အနေအထား တို့ကြောင့် ဧည့်လမ်းညွှန်အရေအတွက် လျော့နည်းကျဆင်းမှုများ ရှိခဲ့ပြီး ၂၀၁၀-၂၀၁၁ ခရီးသွားအလားအလာများ ပြန်လည်ကောင်းမွန်လာမှု၊ ဒေသတွင်းနိုင်ငံများ၏ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်အနေအထား၊ ၂၀၁၁ အစိုးရသစ်တစ်ရပ် တာဝန်ယူသည့်နောက်ပိုင်း ပြောင်းလဲလာသည့်အနေအထားများကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားအလားအလာများ ကောင်းမွန်လာသည့် အနေအထားများကြောင့် ဧည့်လမ်းညွှန် အရေအတွက်လည်း ပြန်လည်မြင့်တက်လာနိုင်မည်ဟု မျှော်မှန်းထားကြသည်။

နေပြည်တော်တွင် ကျောက်မျက်ရတနာ အရောင်းပြပွဲများ ဆက်တိုက်ကျင်းပနေမှု၊ ၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အနေအထား၊ ၂၀၁၄ အာဆီယံ ထိပ်သီးအစည်းအဝေးများ လက်ခံကျင်းပနိုင်ရေး၊ ခရီးသွားဇုန်များ၊ ဟိုတယ်ဇုန်အသစ်များ ထပ်မံဖော်ထုတ်ကာ ခရီးသွားကဏ္ဍ မြှင့်တင်သွားမည့် အစီအစဉ်များကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍမှာ အလားအလာကောင်းလာနိုင်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်နေကြသည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်ဟု ဝါရင့်ဧည့်လမ်းညွှန်များက သုံးသပ်သည်။

ဧည့်လမ်းညွှန်များအနေဖြင့် လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ရာတွင် အခွန်ပေးဆောင်ရမှုမှာ ကျပ် ရှစ်သောင်းမှ နှစ်သိန်းကြား ပေးဆောင်ရမှုရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် သက်တမ်းတိုးကြေး ကျပ် ၂၀၀၀၀၊ ခရီးသွားရန်ပုံငွေအတွက် ကျပ် ၈၅၀၀ စသည်တို့ဖြစ်သည်။ ယင်းအပြင် ဧည့်လမ်းညွှန် အသင်းဝင်ကြေးကိုကျပ် ၁၀၀၀၀ (တစ်ကြိမ်သာ ပေးသွင်းရမည်) နှစ်စဉ်ကြေး ကျပ် ၁၅၀၀၀ သတ်မှတ်ထားသည်ဟု သိရသည်။

(ဆုနှင်းလဲ့-ကြေးမုံ)

ဗီယက်နမ် နိုင်ငံတော်ကောင်စီ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယနေ့ညနေ ၄ နာရီတွင် အမှတ်(၇၂) သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးသို့ သွားရောက်၍ ၂၀၁၁ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကွယ်လွန်ခဲ့သော ဗီယက်နမ် နိုင်ငံတော်ကောင်စီ သမ္မတဟောင်း H.E. Mr. Vo Chi Cong အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

RG တွင်းတူးစက်များစက်စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများတွင် မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌အသုံးပြုလျက်ရှိသော RG တွင်းတူးစက်များစက်စွမ်းအားပြည့် ဆက်လက်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ RG. Petro-Machinery (Group) Co., Ltd. မှ Vice President Yin Yongjing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်ဖက်တာဝန်ရှိသူများက RG တွင်းတူးစက်များဖြင့် စက်ရေတွင်းများ တူးဖော်ပြီးစီးမှု၊ RG တွင်းတူးစက်များ စက်စွမ်းအားပြည့် လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် တွင်းတူးနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ စေလွှတ်သင်တန်းပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ RG တွင်းတူးစက် ၁၂ စီး မှာယူတင်သွင်းခဲ့ပြီး အဆိုပါ RG တွင်းတူးစက်များဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများ၌ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ နေပြည်တော်၊ ပျော်ဘွယ်နှင့် ရမည်းသင်းဒေသတို့၌ စက်ရေတွင်း ပေါင်း ၂၆ တွင်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

(တင်ထွေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ “အာဠာဝကသုတ္တန်”တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
၆:၃၅ တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၅)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျှဦးပြိုင်”(အပိုင်း-၆၇)**
၈:၅၀ စာအုပ်စင်ကဏ္ဍ
၉:၁၅ ဂုဏပူဇာဝန္ဒနာဘဒ္ဒန္တကုဏ္ဍလ၏ မဟာဝိဇာတမင်္ဂလာ
၉:၃၀ Cartoon Show Time
၁၀:၁၀ ပုဂံညောင်ဦးမြို့နယ်ရှိ သံဃာတော်များအား သင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၁၀:၃၀ Celebrity Style
၁၀:၅၀ International Show Biz
၁၁:၀၅ ရန်ကုန်မြင်ကွင်းကျယ်
၁၁:၂၅ သင်ကြားရေးလမ်းညွှန်
၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅ ဗုဒ္ဓဂယာဘုရားဖူးများအတွက် သိကောင်းစရာများ(အပိုင်း-၂)
၁:၀၀ “အာဠာဝကသုတ္တန်”တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ
၂:၃၅ ရောဝတီနှင့်ပန်းတင့်သည့်. . . ဆောက်လုပ်ရေး၏စွမ်းအား ဂုဏ်ရည် ရောဝတီတံတား(ပခုက္ကူ)
၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၅)**
၄:၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျှဦးပြိုင်”(အပိုင်း-၆၇)**
၅:၀၅ Activities in The City
၅:၂၀ The Champion of Dance
၅:၄၅ ရန်ကုန်မြင်ကွင်းကျယ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဆီထွက်ရတနာ နေကြာစိုက်ပါ
၆:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၆)**
၇:၂၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအနုပညာအဖွဲ့၏ ဖျော်ဖြေပွဲ(အပိုင်း-၁)
၈:၀၀ MRTV-4 သတင်း
၈:၂၀ Celebrity Choice
၉:၀၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၉:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျှဦးပြိုင်”(အပိုင်း-၆၈)**
၁၀:၂၅ အနုပညာမိုးကောင်းကင်
၁၀:၄၅ နေရာလွဲမှားသားအိမ်အတွင်းသား (ဆေးပညာရှင်များ တွေ့ဆုံဆွေးနွေးခြင်း) (ဒုတိယပိုင်း) (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၁:၁၀ World of Knowledge
၁၂:၀၀ ရသစုံစွာတေးအလင်္ကာ
၁၂:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
၁၂:၃၀ Royal Reward Resort နှင့်သူ၏ဆုလာဘ်သခင်
၁၂:၅၀ စွဲမက်ဖွယ်ရာရတနာ
၁:၁၅ ဘာကြောင့်ပဲဆိုးဆိုး လက်ကိုင်ပဝါအုပ်ဆိုး (ငှက်ပျောကြော်၊ ဇေလုဝ)
၁:၂၀ လှပချစ်စရာ လက်မှုအနုပညာ
၁:၄၅ ရွှေလာငွေလာသုံးရောင်ခြယ် မာလကာ
၂:၁၀ လင်းလက်တောက်ပမီးဆိုင်းအလှ
၂:၂၅ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်. . .
၂:၄၀ ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
၄:၁၀ လွန်းတင်သည့်ကြိုး
၄:၂၅ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၄:၄၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၅:၀၀ အစီအစဉ်ပြီး။

စာအုပ်စာပေ လူ့မိတ်ဆွေ



စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၆ ရက်က ကျင်းပရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်များအား ဆုချီးမြှင့်အပြီး တွေ့ရစဉ်။ (ပညာရေး)

မန္တလေး ညောင်ကွဲ ရေဝင်ရပ်ကွက် ရေသန့်နှင့် မုန့်လှူ

မန္တလေး စက်တင်ဘာ ၁၂

ဩဂုတ်လ တတိယပတ်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေဝင်ခဲ့သည့် မန္တလေးမြို့ ညောင်ကွဲ အလယ်ရပ်ကွက်တွင် စက်တင်ဘာ ဒုတိယပတ်အထိ ရေများကျဆင်းသွားခြင်းမရှိသောကြောင့် စိတ္တသုခ ပရဟိတလူငယ်များသည် ရေကြောင့်ဒုက္ခရောက်နေကြသူများအား စက်တင်ဘာ ၁၁ ရက်က ရေသန့်နှင့် မုန့်မျိုးစုံ သွားရောက်လှူဒါန်းခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၁၀ ရက်က မန္တလေးမှ ဆိုင်းဆရာများဖြင့် ဖွဲ့စည်းထားသော ပရဟိတ ရွှေလက်များအဖွဲ့ကလည်း ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်များ ဝေငှကြပြီး စိတ္တသုခ ပရဟိတလူငယ်များသည် လှေများဖြင့် ရေသန့်ဘူးများနှင့် မုန့်မျိုးစုံတို့ကို တင်ဆောင်သွားကာ တစ်အိမ်ချင်းဆီသို့ သွားရောက်ဝေငှကြသည်။ ထို့အပြင် စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ ညောင်ကွဲ ရေဝင်ရပ်ကွက်နှင့် ရှင်အရဟံသိမ်နေရာတွင် ဖွင့်လှစ်ခဲ့သော တောင်စလင်းတိုက်သစ် နာယကဆရာတော်နှင့်အဖွဲ့က ငါးရက်တာ လုပ်အားပေးခဲ့ကြသည်။ ဆေးခန်းဖွင့်ရက်များတွင်လည်း Season မှ မုန့်များကို နေ့စဉ်ဝေငှကြသည်။ရေဝင်ရပ်ကွက်များတွင် နေ့စဉ် အလှူရှင်အသီးသီးတို့က ရိက္ခာများ လာရောက်လှူဒါန်းကြောင်း သိရသည်။ (ဝဝ၂)

★ ကယားပြည်နယ်မှ

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ၌ ရန်ပုံငွေခွဲဝေထားခြင်းမရှိ၍ ဆရာဝန်အိမ်ရာများ ဆောက်လုပ်နိုင်ရန်အတွက် ငွေလုံးငွေရင်းရန်ပုံငွေတင်ပြ၍ ဆောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်း၏ **"ကျိုက်ထိုမြို့တွင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက သထုံမြို့နှင့် မော်လမြိုင်မြို့မှ ဆရာဝန်ကြီးများအား အကူအညီတောင်းခံရခြင်း(သို့မဟုတ်)ကျိုက်ထိုမြို့မှ ခရီးအကွာအဝေး မိုင်(၁၀၀)ခန့်ရှိသည့် ရန်ကုန်မြို့သို့ ပို့ဆောင်ရခြင်းကြောင့် အသက်ဆုံးရှုံးမှုများ ကြုံတွေ့ရလေ့ရှိပါကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် လူနာနှင့် ဆေးရုံ မျှတမှုရှိစေရန် ကျိုက်ထိုမြို့ရှိ (၂၅)ခုတင်ဆံ့ဆေးရုံအား ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်လည်းကောင်း၊ သိမ်ဇရပ်တိုက်နယ်ရှိ (၁၆)ခုတင်ဆံ့ဆေးရုံအား (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျိုက်ထိုမြို့နယ်သည် လူဦးရေ (၁၅၇၂၁၆)ဦး၊ အိမ်ခြေ(၂၇၇၄၅)အိမ်ရှိပြီး (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ သိမ်ဇရပ်တိုက်နယ်ဆေးရုံ (၁)ရုံ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန (၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၈)ခုတို့ဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

ကျိုက်ထိုမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံကို ဆရာဝန်(၄)ဦး၊ သွားဆရာဝန်(၁)ဦး၊ သူနာပြု (၈)ဦး၊ အကူသူနာပြု(၂)ဦးအပါအဝင် ဝန်ထမ်း(၄၂)ဦးဖွဲ့စည်းပုံဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ကျိုက်ထိုမြို့နယ်(၁၆)ခုတင်ဆံ့ သိမ်ဇရပ်တိုက်နယ်ဆေးရုံကို ဆရာဝန်(၁)ဦး၊ အထက်တန်းသူနာပြု(၁)ဦး အပါအဝင် ဝန်ထမ်း(၄)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

လက်ရှိအခြေအနေအရ ကျိုက်ထိုမြို့နယ်ဆေးရုံကို ဆရာဝန်(၅)ဦး၊ သွားဆရာဝန် (၁)ဦး၊ သူနာပြု(၁၆)ဦးအပါအဝင် ဝန်ထမ်း(၅၅)ဦးပါဝင်သော (၂၅)ခုတင်ဆံ့ စံကိုက် ဖွဲ့စည်းပုံ ဆေးရုံအဖြစ်သို့ အဆိုပြုတင်ပြရန်နှင့် (၁၆)ခုတင်ဆံ့ သိမ်ဇရပ်တိုက်နယ်ဆေးရုံကိုလည်း ဆရာဝန်(၂)ဦး၊ သူနာပြု (၆)ဦး အပါအဝင် ဝန်ထမ်း(၁၇)ဦးပါဝင်သော (၁၆)ခုတင်ဆံ့ စံကိုက် ဖွဲ့စည်းပုံအဖြစ် တိုးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **"သားဖွားဆရာမ သင်တန်းတက်ရောက်ရန်အတွက် ချင်းပြည်နယ်မှ သင်တန်းသူများသည် ခရီးကွာဝေးသော ရန်ကုန်မြို့၌သာ တက်ရောက်ရလေ့ရှိသောကြောင့် ကျေးရွာလူငယ်များအနေဖြင့် ခရီး ကွာဝေးလွန်းပြီး ကုန်ကျစရိတ်ပိုမိုများပြားခြင်းကြောင့် သင်တန်းသူရရှိရေးအလွန်ခက်ခဲကြောင်း၊ အောက်ပြည်အောက်ရွာမှ ဆရာမများသည်လည်း လာရောက်တာဝန်ထမ်းဆောင်ရန်မှာ အလွန်ခက်ခဲနေသောကြောင့် ချင်းပြည်နယ် ဟားခါးမြို့တွင် သားဖွားဆရာမသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆေးသိပ္ပံပညာဦးစီးဌာနမှ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို ၁၉၉၃-၁၉၉၄ ခုနှစ်မှစ၍ စီမံချက်အတိုင်း တိုးချဲ့ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်အများစုတွင် သူနာပြု/သားဖွား သင်တန်းကျောင်း (၂)ကျောင်းစီ ဖွင့်လှစ်ခဲ့ပြီး ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် စစ်ကိုင်း၊ တနင်္သာရီ စသည်တို့တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (၁)ကျောင်းစီ တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း၊ ချင်းပြည်နယ်အတွက် ဖလမ်းသူနာပြုသင်တန်းကျောင်းအား ၁၉၉၃-၁၉၉၄ ခုနှစ်မှစ၍ ပြည်နယ်အတွင်း အချက်အချာကျသည့် ဖလမ်းမြို့တွင် လမ်းညွှန်ချက်အရ ဖွင့်လှစ်ခဲ့ပါကြောင်း၊ သားဖွားသင်တန်း၏သဘာဝသည် မွေးလူနာများဖြင့် လက်တွေ့လေ့ကျင့်သင်ကြား မွေးထုတ်ရသည်ဖြစ်ရာ ဟားခါး၊ ဖလမ်းဆေးရုံကြီးများတွင် လေ့ကျင့်သင်ကြားပေးရန် လုံလောက်သော မွေးလူနာမရှိသဖြင့် ချင်းပြည်နယ်အတွက် ဒေသခံများအား ရွေးချယ်၍ ဗဟိုသားဖွားသင်တန်းကျောင်း(ရန်ကုန်)တွင် သင်တန်းဆောင်များ ဆောင်ရွက်ပေးလျက် နိုင်ငံတော်မှတာဝန်ယူ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ဖလမ်းသူနာပြုသင်တန်းကျောင်းမှ မွေးထုတ်ပေးသော သူနာပြုများနှင့် ရန်ကုန် ဗဟိုသားဖွားသင်တန်းကျောင်းမှ မွေးထုတ်ပေးသော သားဖွားဆရာမများ(ချင်းပြည်နယ်ဒေသခံများ)အား ချင်းပြည်နယ်တွင် ပြန်လည်တာဝန်ချထားခဲ့ပါကြောင်း။

သူနာပြုနှင့် သားဖွားသင်တန်းဝင်ခွင့်စနစ်ကို ၂၀၀၃-၂၀၀၄ ခုနှစ်မှစ၍ စီမံချက်များ ရေးဆွဲအတည်ပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသခံ အခြေခံပညာအထက်တန်းအောင်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ (၃)ဘာသာရမှတ် အများအနည်းဖြင့် တန်းစီရွေးချယ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ သူနာပြု/သားဖွားသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ပြုခဲ့သည့်စနစ်ကို ယနေ့တိုင် ကျင့်သုံးနေလျက်ရှိပြီး အရေးကြီးပုဂ္ဂိုလ်များ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများ၏ ထောက်ခံမှုများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ဝေးလံခေါင်ဖျားဒေသများမှ တင်ပြချက်များနှင့် သက်ဆိုင်ရာပြည်နယ်များရှိ အဖွဲ့အစည်းများမှ တင်ပြလာသူများအား စိစစ်၍ အထူးကိစ္စရပ်အဖြစ်စဉ်းစားပြီး အကန့်အသတ်ဖြင့် တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း။

ချင်းပြည်နယ်အတွက် ဒေသခံများမှ သင်တန်းလျှောက်ထားသောဦးရေမှာ လိုအပ်သည်ထက် ပိုမိုလျက်ရှိသည်ကို နှစ်စဉ်တွေ့ရှိရပါသဖြင့် သင်တန်းသူရရှိရေးသည်လည်း ခက်ခဲမှုမရှိကြောင်း၊ ထို့ပြင် ချင်းပြည်နယ် ဖလမ်းသူနာပြုသင်တန်းကျောင်းနှင့် ရန်ကုန် ဗဟိုသားဖွားသင်တန်းကျောင်းများသို့ ချင်းပြည်နယ်မှ တက်ရောက်ခွင့်ရရှိသူဦးရေမှာ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ သူနာပြု(၃၂၉)ဦးနှင့် သားဖွား(၂၁၈)ဦး၊ စုစုပေါင်း(၅၄၇)ဦးရှိပါ၍ ချင်းပြည်နယ်အတွက် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသော သူနာပြု၊ သားဖွားသင်တန်းကျောင်းသူ အရေအတွက်သည် လက်ရှိအခြေအနေတွင် လုံလောက်မှုရှိပါသဖြင့် ဟားခါးမြို့တွင် သားဖွားသင်တန်းကျောင်းဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆောက်လုပ်ရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဟန်လင်း၏ **"ပုသိမ်-ငပုတော ကားလမ်းသည် ငပုတောမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ တက္ကသိုလ်/ကောလိပ်ကျောင်းသား၊ ကျောင်းသူများနှင့် ကုန်သည်များအတွက် သွားလာရေးနှင့် ကုန်စည်စီးဆင်းရေးကို များစွာအထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကို သိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပုသိမ်-ငပုတောလမ်းသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နှင့် ငပုတောမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းဖြစ်ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နာဂစ်မုန်တိုင်းဒဏ် ခံရပြီးနောက် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းဝင် လမ်းအမှတ်(၁၁)အဖြစ် သတ်မှတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းနှင့်တံတားများ အဆင့်မြှင့်တည်ဆောက်လျက်ရှိပါကြောင်း၊ ပုသိမ်မြို့ (၀/၀)မိုင်မှ (၅/၀)မိုင်ထိ အရှည်(၅)မိုင်သည် စည်ပင်သာယာရေးမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မိုင်(၅/၀)မှ ငပုတောမြို့(၂၁/၀)မိုင်အထိ စုစုပေါင်း လမ်းအရှည် (၁၆/၀)မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပုသိမ်ခရိုင်အဖွဲ့နှင့် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)ဖွဲ့ဖြင့် မူလအမာခံလမ်း(၆)မိုင်ကို ကျောက်လမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပုသိမ်-ငပုတောလမ်းပေါ်ရှိ (၄၅)ပေရှည် စလူချောင်းတံတား၊ ပေ(၄၀)ရှည်ဝဲကြီးတံတားနှင့် (၇၅)ပေရှည် ဖျံရေကျော်တံတားတို့ တည်ဆောက်ခြင်း၊ မြစ်ကူးတံတားကြီးများဖြစ်သည့် အရှည်ပေ(၇၀၀)ရှိ ပေပင်မြစ်တံတားနှင့် အရှည်ပေ(၁၈၂၀)ရှိ သက္ကယ်ချောင်းမြစ်ကူး တံတားတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်း-တံတား သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း(၁၆)မိုင်နှင့် မိုင်(၁၆/၀)တွင် (၁၅)ပေအရှည် ရေထုတ်ပြွန် (၁)စင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ရန်ပုံငွေများဖြင့် အမာခံလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့် (၇)မိုင် (၇)ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ပုသိမ်-ငပုတောလမ်းသည် ကျောက်ချောလမ်းအဆင့်ကို ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ဆဲ မြစ်ကူးတံတားကြီး(၂)စင်းအတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် လိုအပ်ရန်ပုံငွေ အပြည့်အဝရရှိမည်ဆိုပါက ၂၀၁၂ ခုနှစ် နှစ်ကုန်တွင် ပုသိမ်မှ ငပုတောမြို့သို့ ရာသီမရွေး တိုက်ရိုက်ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း၏ **" ၁၉၉၇ ခုနှစ်တွင် မဟာဗျူဟာလမ်းအဖြစ် သာပေါင်းမှ အထက်ဘက်ကျေးရွာအုပ်စု (၃၄)အုပ်စုကိုဖြတ်ပြီး ရေကြည်မြို့နယ် ကျေးရွာအုပ်စုများဖြတ်ကာ ရေကြည်-ရေနံ့သာ-ဂွ-ငါးသိုင်းချောင်း အထိ(၄၄)မိုင်(၃)ဖာလုံအား မြေသားလမ်းအဖြစ် ဖောက်လုပ်ထားရာ ယင်းလမ်းအား ရာသီမရွေး သွားလာနိုင်မည့်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သာပေါင်းမြို့နယ်နှင့် ရေကြည်မြို့နယ်ကို ဆက်သွယ်ထားသော သာပေါင်း-ရေနံ့သာ ကားလမ်းမှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် မိုင်(၀/၁) မှ စတင်၍ ရေကြည်မြို့နယ်အတွင်းရှိ ဂွ-ငါးသိုင်းချောင်းလမ်း ရေနံ့သာလမ်းဆုံအထိ(၄၃)မိုင်(၃)ဖာလုံ ရှည်လျားပါကြောင်း၊ သာပေါင်းမြို့မှ မြတ်တောင်ညိုဘုရားအထိ (၇)မိုင်သည် မြေသားလမ်း အဆင့်ရှိသည့် ဒေသဖွံ့ဖြိုးရေးလမ်းဖြစ်ပြီး ကျန်(၃၆)မိုင်(၃)ဖာလုံသည် တစ်ကြောင်းထိုး မြေသားလမ်းကြမ်းဖြစ်ကာ မိုင် (၁/၀)မှ မိုင် (၂၂/၂)အတွင်း ချောင်းကြီး/ချောင်းငယ် (၁၇)ချောင်းရှိပါကြောင်း၊ **ယင်းလမ်းသည် မြေသားတစ်ကြောင်းထိုးလမ်း ဖြစ်သည့်အတွက် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက လမ်းသစ် အစအဆုံးတည်ဆောက်ရမည်ဖြစ်ပြီး ချောင်းကူးတံတားများပါ တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်သောလမ်းမဟုတ်သည့်အတွက် ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြင့်လှိုင်၏ **"ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေသည် နိုင်ငံတကာမှ အရေးကြီးဧည့်သည်တော်များ၊ သံတမန်များ၊ ပြည်တွင်းပြည်ပဧည့်သည်များ အပန်းဖြေသည့် နာမည်ကျော်ဒေသတစ်ခုဖြစ်သောကြောင့် (၁၀)မိုင်ကျော်သာရှိသည့် သံတွဲ-ငပလီ ကတ္တရာလမ်းအား အပေါ်ထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီး ဌာနပိုင် သံတွဲ-ငပလီ-မဇင်-လုံးသာ လမ်းအပိုင်းသည် ဒေသခံတိုင်းရင်းသား ကုမ္ပဏီဖြစ်သည့် နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လမ်း-တံတား အဆင့်မြှင့်တင်ရန် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အပိုင်း ဖြစ်ပါကြောင်း။

ယင်းကုမ္ပဏီသည် တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုဒေသများ ဆက်သွယ်ရန် အဓိကလမ်းကြောင်းဖြစ်သည့် ပြည်-တောင်ကုတ်-သံတွဲလမ်းအပိုင်းကိုလည်း ဘီအိုတီစနစ်ဖြင့် လမ်း-တံတားများ အဆင့်မြှင့်တင်ရေးကို တာဝန်ယူဆောင်ရွက်လျက် ရှိပါကြောင်း။

ယင်းကုမ္ပဏီသည် ပြည်-တောင်ကုတ်လမ်းအပိုင်း(၁၀၂)မိုင် ကို ၁၃-၂-၂၀၁၀ ရက်နေ့မှ စတင်၍လည်းကောင်း၊ တောင်ကုတ်-ငပလီ-မဇင်-လုံးသာလမ်း (၅၆)မိုင်(၇)ဖာလုံကို ၄-၅-၂၀၁၀ ရက်နေ့မှစတင်၍ လည်းကောင်း၊ (၂)လမ်းသွားလမ်း အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအဖြစ် ပြည်-တောင်ကုတ်လမ်းပိုင်း(၁၀၂)မိုင်အား ရာသီမရွေးချောမွေ့စွာသွားလာနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် အကွေ့အကောက်များပြား၍ လမ်းကျဉ်းသော တောင်ကုတ်-သံတွဲလမ်း (၄၄)မိုင်(၃)ဖာလုံအတွင်းရှိ မျက်ကွယ်ကွေ့များကို တောင်ဖြတ်ချဲ့ခြင်း၊ ခံနိုင်ဝန်အားနည်းသော သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တည်ဆောက်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တောင်ကုတ်-သံတွဲ-ငပလီ-မဇင်-လုံးသာလမ်း (၅၆)မိုင် (၇)ဖာလုံကို အဆင့်မြှင့်တင် ဆောင်ရွက်ရန် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

သံတွဲ-ငပလီ-လုံးသာ လမ်းအပိုင်းသည် (၁၀)မိုင်(၃)ဖာလုံရှည်လျားပြီး ငပလီ-မဇင်လမ်း အပိုင်းသည်(၂)မိုင်(၁)ဖာလုံရှည်လျားကာ စုစုပေါင်း(၁၂)မိုင် (၄)ဖာလုံကို ဝန်ထမ်း(၄)ဦး၊ လုပ်သား (၅၀)ဦး၊ လမ်းကြိတ်စက်(၂)စီး၊ မြေ/ကျောက်သယ်ယာဉ်(၄)စီး၊ ကျောက်ခွဲစက်(၂)လုံးတို့ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

သံတွဲမြို့ ငပလီကမ်းခြေဟိုတယ်ဇုန်အပိုင်းရှိ ကတ္တရာလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းသစ်(၄)မိုင် တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသည့်လမ်းအပိုင်းကို ကတ္တရာလမ်းအဆင့် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ လမ်းအင်္ဂါရပ်ပြည့်စုံကောင်းမွန်သည့် အဆင့်ရောက်ရှိရေးနှင့် အချိန်မီပြီးစီးနိုင်ရေးအတွက် တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝီလ်ဆင်မိုး၏ **"တာချီလိတ်မြို့နှင့် ဝမ်ပုံဆိပ်ကမ်းသို့ ဆက်သွယ်သွားလာနေသည့်လမ်းသည် (၁၈)မိုင်ခန့်သာကွာဝေးပြီး မိုးရာသီတွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ အားလုံးသွားလာမှုခက်ခဲလျက်ရှိသောကြောင့် အချိန်အခါမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် တာချီလိတ်မြို့နှင့် လာအိုနိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး မဲခေါင်မြစ်၏ တစ်ဖက်ကမ်းတွင် လာအိုနိုင်ငံရှိပါကြောင်း၊ မြန်မာနိုင်ငံ တစ်ဖက်ကမ်း ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းကို ဆက်သွယ်သွားလာသည့် လမ်းသည် မယ်ယန်း-ပါဆာ-စံဖူးလမ်းဖြစ်ပြီး ၎င်းလမ်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(ပြည်ထောင်စုလမ်းမကြီး)၏ ကျိုင်းတုံ-တာချီလိတ်လမ်းအပိုင်း မယ်ယန်းရွာမှ လာအိုနိုင်ငံနယ်စပ် မဲခေါင်မြစ်ကမ်း-စံဖူးရွာကို ဆက်သွယ်ပေးထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန တာချီလိတ်ခရိုင်မှ တာဝန်ယူထိန်းသိမ်းထားသည့်လမ်း ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် (၁၈)ပေအကျယ် မူလမြေသားလမ်းအား အမာခံလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း (၂)မိုင် (၇)ဖာလုံ၊ ပျက်စီးနေသော အမာခံလမ်းအပိုင်းအား သဲကျောက်တို့ဖြင့် လမ်းမျက်နှာပြင်ညှိခြင်း(၁)မိုင်၊ တံတား အမှတ်(၁/၁၄)အား သံကူကွန်ကရစ်တံတား(၁)စင်း အသစ်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တင်ပြတောင်းခံ၍ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **"မြို့တော်ရန်ကုန်တွင် ကွန်ဒိုမီနီယံတိုက်ခန်းများ ဆောက်လုပ်နေထိုင်လျက်ရှိရာ ကားရပ်ရန်နေရာ၊ ရေ မီး၊ ဓာတ်လှေကား စသည်တို့မှာ ကြော်ငြာထားသည်နှင့် ယခုလက်တွေ့နေထိုင်သည့်အခါ ကွဲပြားမှုများရှိနေသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် တိုက်ခန်းနေပြည်သူများကြား မကျေလည်မှုများရှိခဲ့ပြီး တိုက်ခန်းနေပြည်သူများ နစ်နာနေသောကြောင့် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သည့် ကွန်ဒိုမီနီယံများနှင့် ပတ်သက်သော ဥပဒေများကို ထုတ်ပြန်ရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် မြေပေါ်တွင်ဆောက်လုပ်ထားသည့် စုပေါင်းပိုင် အဆောက်အအုံများနှင့် ပတ်သက်၍ ပြဿနာရှိလာပါက ဆောက်လုပ်ရေး



ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနမှ ဖြေရှင်းပေးလျက်ရှိပြီး အခြားပုဂ္ဂလိကပိုင်မြေပေါ်တွင် ဆောက်လုပ်သည့် စုပေါင်းပိုင်အဆောက်အအုံများ ပြဿနာရှိလာပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဖြေရှင်းပေးပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော အဆောက်အအုံဖြစ်သည့် ၁၉၉၇ ခုနှစ်က ဒဂုံမြို့နယ်တွင် ဆောက်လုပ်ခဲ့သည့် စုပေါင်းပိုင် အဆောက်အအုံတစ်ခုတွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်နှင့် နေထိုင်သူများကြား ဖြစ်ပေါ်လာသော မကျေလည်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားလာသည့်အတွက် နှစ်ဦးနှစ်ဖက်ပြေလည်အောင် ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး အခြားတိုင်ကြားမှုများ မရှိခဲ့ကြောင်း။

အများပြည်သူအကျိုးအတွက် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးအပါအဝင် ဆက်နွှယ်သည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲပြင်ဆင်၊ ဖြည့်စွက်မှုများပြုလုပ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်ကို ရရှိခဲ့သော်လည်း စုပေါင်းပိုင် အဆောက်အအုံဥပဒေ(မူကြမ်း)သည် ယခုအခါ ပြောင်းလဲလာသောခေတ်စနစ်နှင့် မလျော်ညီသည်များတွေ့ရသဖြင့် ၎င်းဥပဒေ (မူကြမ်း)ကို ထပ်မံပြင်ဆင်ဖြည့်စွက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ထပ်မံသဘောထား မှတ်ချက် တောင်းခံထားဆဲဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်ရရှိလာပါက အဆင့်ဆင့်တင်ပြပြီး စုပေါင်းပိုင်အဆောက်အအုံ ဥပဒေပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၏ **"ကချင်ပြည်နယ်နှင့်**

ပြည်မအကြား ဆက
စေရန်အတွက် ယခ
လားရှိုး-ဗန်းမော်-မြ
မြစ်ကြီးနားကားလမ်း
ပြည်ထောင်စုကားလ
ပေးခဲ့ကြောင်း၊ ယခုအ
လမ်းအပိုင်းလိုက် တ
ဆောင်ရွက်ပေးမှုအ
အဆိုပါလမ်းများအ
မေးခွန်းနှင့်စပ်လျဉ်း
ဆက်သွယ်သွားလာ
အရှေ့ဘက်ခြမ်းရှိ
အရှည်ရှိသည့် မ
(၃၅၉)မိုင် အရှည်ရှိ
ပြည်ထောင်စုလမ်း
ပထမလမ်းပြ
တံတားတည်ဆော
ဖြစ်သည့် အေးရှား
လီမိတက်နှင့် ကော
ဆောင်ရွက်လျက်ရှိ
ဒုတိယလမ်း
ကားလမ်းအား ခေ
ကိုလည်းကောင်း၊
စနစ်ဖြင့် လည်းကော
၂၀၁၁-၂၀၁
ရေးဝန်ကြီးဌာနမှ ပြ
စီမံကိန်းအထူးအဖွဲ
စီမံကိန်းကြီးအဖွဲ့(၂
မန္တလေးတိုင်း
ရေရှင်ကြီး အပိုင်းတံ
ပြင်ဦးလွင်ခရိုင်အဖွဲ့
ရေး စီမံကိန်းအထူး
တံတားဆောက်လုပ်
(၈)မိုင်၊ လမ်းပြင်ဆ
ခြင်းနှင့် တံတား(၂
ရှိပါကြောင်း။
၎င်းအပြင်
အရှည်ပေ(၂၀) မှ
၂၀၁၁-၂၀၁၂ ဘဏ္ဍာ
ထို့ပြင် ဗန်းမော်ခရို
မိုင်(၂၀)(၃)ဖာလုံ၊
(၃ ဒသမ ၅)ဖာလုံ
သံကူကွန်ကရစ်ရေ
ရေစားချောက်(၃)
တံတားအမှတ် (၄
တံတားတို့၏ပျက်စီ
တတိယလမ်



ရခိုင်ပြည်နယ်မ
မှ အမျိုးသားလွှ
ဦးမြင့်လှိုင် မေးမြ

အပိုင်းမှ မိုင်(၁၄၀)
တိုင်းရင်းသားကုမ္ပ
ပေ(၄၀)အကျယ်
ရေမြောင်းတူးခြင်း
တည်ဆောက်ရန် ဘ
လီမိတက်တို့က လု
ကချင်ပြည်န
က ကျောက်ချော
ခင်းခြင်း၊ တံတားတ
လျက်ရှိပါကြောင်း၊
ဆောက်လုပ်ရေးကု
ဆောင်ရွက်လျက်ရှိ
လမ်းများနှင့်
အဆင့်၊ ကျောက်လ
တံတားနှင့် ပတ်သ
အဆင့်အနေဖြင့်
အနေဖြင့် ပေ(၁၀၀
ပေ(၁၈၀)နှင့်အထ

ပြည်မအကြား ဆက်သွယ်သွားလာမှု ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရန်အတွက် ယခင် တပ်မတော်အစိုးရလက်ထက်က ဧရာဝတီအရှေ့ဘက်ခြမ်း၌ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား ကားလမ်းနှင့် မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်းကိုလည်းကောင်း၊ ဧရာဝတီအနောက်ဘက်ခြမ်း၌ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးကိုလည်းကောင်း အခြေခံကောင်းများအဖြစ် အသီးသီးဖောက်လုပ်ပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါကားလမ်းမကြီးများအား ဘီအိုတီစနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများကို လမ်းအပိုင်းလိုက် တာဝန်ပေးအပ်ထားပြီဟု၍ ဆိုသော်လည်း ပြုပြင်ထိန်းသိမ်းမှု၊ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုအားနည်းသဖြင့် ရာသီမရွေးဆက်သွယ်သွားလာရန် ခက်ခဲမှုများစွာရှိပါသဖြင့် အဆိုပါလမ်းများအား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဆက်သွယ်သွားလာနိုင်ရန်အတွက် (၄၈၇)မိုင် (၂)ဖာလုံ အရှည်ရှိသည့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားကားလမ်း၊ (၄၀၄)မိုင်(၃)ဖာလုံ အရှည်ရှိသည့် မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်းနှင့် (၃၅၉)မိုင် အရှည်ရှိသည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး စသည့် အဓိကလမ်းမကြီး(၃)လမ်း ရှိပါကြောင်း။

ပထမလမ်းဖြစ်သည့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားကားလမ်းအား လမ်း-တံတားတည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်မြှင့်တိုးတက်စေရန် ဘီအိုတီကုမ္ပဏီ (၃)ခု ဖြစ်သည့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၊ ရွှေမိုးသွန်းအောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ကျောက်စိမ်းမြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့က ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယလမ်းဖြစ်သည့် မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်-မြစ်ကြီးနား ကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမိုင်အရှည်(၁၂၇)မိုင် (၇)ဖာလုံကိုလည်းကောင်း၊ တိုင်းရင်းသားကုမ္ပဏီ(၃)ခုတို့က လမ်းမိုင်အရှည်(၂၁၃)မိုင်ကို ဘီအိုတီစနစ်ဖြင့် လည်းကောင်း လမ်းသားအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မိုးဒဏ်ကြောင့် လမ်း-တံတားပျက်စီးမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြင်ဦးလွင်ခရိုင်နှင့်ဗန်းမော်ခရိုင်အဖွဲ့ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၂)တို့က အမြန်ဆုံး ပြန်လည်တည်ဆောက်လျက်ရှိပါကြောင်း၊

မန္တလေးတိုင်းဒေသကြီးအပိုင်းတွင် သပိတ်ကျင်း(၇)မိုင်လမ်းဆုံမှ တကောင်း-ရေရှင်ကြီး အပိုင်းထိ (၆၀)မိုင် (၃)ဖာလုံရှည်လျားပြီး ၎င်းလမ်းအပိုင်း(၂၈)မိုင်(၃)ဖာလုံအား ပြင်ဦးလွင်ခရိုင်အဖွဲ့ကလည်းကောင်း၊ လမ်းပိုင်း(၃၂)မိုင်အား အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၆)က လည်းကောင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)ကလည်းကောင်း ကျောက်လမ်းပြုပြင်ခြင်း (၈)မိုင်၊ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း(၇)မိုင်(၅) ဖာလုံ၊ တံတားအသစ်(၆)စင်း တည်ဆောက်ခြင်းနှင့် တံတား(၂၄)စင်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၎င်းအပြင် ကချင်ပြည်နယ်အပိုင်းမှ လမ်းများပေါ်ရှိ ဆိုးရွားစွာပျက်စီးနေသော အရှည်ပေ(၂၀) မှ ပေ(၁၁၀)အတွင်း တံတား(၆)စင်းအား အထူးစီမံကိန်းကြီးအဖွဲ့(၂)က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဗန်းမော်ခရိုင်အဖွဲ့မှ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာလမ်းပြုပြင်ခြင်း မိုင်(၂၀)(၃)ဖာလုံ၊ ကျောက်လမ်းပြုပြင်ခြင်း (၁၇)မိုင်၊ ကျောက်ချောလမ်းအသစ်ခင်းခြင်း (၃ ဒသမ ၅)ဖာလုံ၊ ဘေလီတံတား(၂)စင်းပြုပြင်ခြင်း၊ သစ်သားတံတား(၂)စင်းပြုပြင်ခြင်း၊ သံကူကွန်ကရစ်ရေပြွန်အသစ်(၇)စင်းတည်ဆောက်ခြင်း၊ (၂၇၅)ပေအရှည် (၄၅)ပေအနက် ရေစားချောက်(၃)ခု တူးဖော်ပြင်ဆင်ခြင်း၊ ဘေလီသစ်သားတံတား (၄)စင်းပြုပြင်ခြင်း၊ တံတားအမှတ် (၄/၁၃၅)ငါးဘတ်ကြီးတံတားနှင့် တံတားအမှတ်(၁/၁၂) စက္ကလာ တံတားတို့၏ပျက်စီးမှုအား ပြန်လည်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

တတိယလမ်းဖြစ်သည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားကားလမ်း စစ်ကိုင်းတိုင်းဒေသကြီး အပိုင်းမှ မိုင်(၁၄၀)အား ဆောက်လုပ်ရေးဝန်ကြီးဌာန ရွှေဘိုခရိုင်အဖွဲ့၊ ကသာခရိုင်အဖွဲ့နှင့် တိုင်းရင်းသားကုမ္ပဏီများအဖွဲ့ (၁၁)ဖွဲ့တို့က (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း၊ ပေ(၄၀)အကျယ် မြေသားတာပေါင်ချဲ့ခြင်း၊ လမ်းဘေးဝဲ/ယာ တောရှင်းခြင်းနှင့် လမ်းဘေးရေမြောင်းတူးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်း/တံတားအဆင့်မြှင့်တင် တည်ဆောက်ရန် ဘီအိုတီစနစ်ဖြင့် ရွှေတောင်ကုမ္ပဏီနှင့် ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်တို့က လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ်အပိုင်း(၁၂၁)မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန မိုးညှင်းခရိုင်အဖွဲ့က ကျောက်ချောလမ်းခင်းခြင်း၊ ကတ္တရာလမ်းပေါက်ဖာထေးခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများအပါအဝင် လမ်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်း/ တံတား အဆင့်မြှင့်တင်တည်ဆောက်ရန် ခိုင်မာသောပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက်တို့က ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းများနှင့်ပတ်သက်၍ မြေလမ်းမှအမာခံလမ်းအဆင့်၊ အမာခံလမ်းမှ ကျောက်လမ်းအဆင့်၊ ကျောက်လမ်းမှကတ္တရာလမ်းအဆင့် အဆင့်အလိုက် မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး တံတားနှင့် ပတ်သက်၍ ပထမအဆင့်အနေဖြင့် ပေ(၅၀)အောက် တံတားများ၊ ဒုတိယအဆင့်အနေဖြင့် ပေ(၅၀) နှင့်အထက် ပေ(၁၀၀)အောက်တံတားများ၊ တတိယအဆင့်အနေဖြင့် ပေ(၁၀၀)နှင့်အထက် ပေ(၁၈၀)အောက် တံတားများ၊ စတုတ္ထအဆင့်အနေဖြင့် ပေ(၁၈၀)နှင့်အထက် တံတားကြီးများအား အဆင့်အလိုက် သံကူကွန်ကရစ်တံတားများ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

အဖြစ် တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အတွင်းရှိ ဆက်သွယ်သွားလာသည့် မူလရှိပြီးလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ကချင်ပြည်နယ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဆက်သွယ်ထားသည့် အဓိကလမ်းမကြီး (၃)လမ်းကို အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခရိုင်အဖွဲ့များ၊ လမ်း-တံတား တည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့များ၊ လမ်း-တံတားတည်ဆောက်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ဘီအိုတီလုပ်ငန်းရှင်ကုမ္ပဏီများ စသည့် အဖွဲ့ပေါင်းစုံတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

စက်တင်ဘာ ၈ ရက်နေ့က တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေတင်သွင်းထားသည့် **"တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၌ (ထားဝယ်) ရေနက်ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီးမထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျ သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်တို့က ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် နီးကပ်နေသည့် သာဂရမြို့ဟောင်းကို ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ပြီး မြန်မာနှင့်ထိုင်း နှစ်နိုင်ငံယဉ်ကျေးမှုဆက်နွှယ်သည့် ဒေသ၊ ခရီးသွားလာမှုမြှင့်တင်နိုင်သည့် ဒေသအဖြစ် ဖော်ထုတ်ထိန်းသိမ်းသင့်ပါကြောင်း၊ သမိုင်းဝင်နေရာများ မပျက်စီးမထိခိုက်စေရန် ထိန်းသိမ်း၍စနစ်တကျ သတ်မှတ်ပေးသင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၉၆)ဇယား(၁)နှင့် ပုဒ်မ(၁၈၈)ဇယား (၂)တို့တွင်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အကာအကွယ်ပေးထားပြီးဖြစ်ပါကြောင်း၊ ယူနက်စကိုအဖွဲ့ကြီးကလည်း ကမ္ဘာ့ရှေးဟောင်း သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များကို အသိအမှတ်ပြုကာ ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ မြန်မာပြည်၏ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်၍လျော့နည်းမသွားအောင် စနစ်တကျဆောင်ရွက်သင့်ပါကြောင်းဖြင့် အဆိုကို ထောက်ခံဆွေးနွေးကြသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ဆွေးနွေးစဉ်။
(သတင်းစဉ်)

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသတွင် ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများ၊ ကြေးခေတ်ယဉ်ကျေးမှု အထောက်အထားများ၊ ရှေးမြို့ဟောင်း (၁၀)မြို့နှင့် မြို့ပြယဉ်ကျေးမှု ရှေးဟောင်းအဆောက်အအုံ အကြွင်းအကျန်များရှိနေကြောင်း လေ့လာသိရှိရပြီး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ၁၉၉၆ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့တွင် ကွင်းဆင်းလေ့လာခြင်း၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ်များတွင် ကွင်းဆင်းတူးဖော်သုတေသနပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး သာဂရမြို့ဟောင်းမြို့ရိုး၊ မြို့ဝင်ပေါက်နှင့် နန်းတော်ရာနေရာများအား တူးဖော်သုတေသနပြုတွေ့ရှိပြီး ဖြစ်ကြောင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရှိရပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေးအတွက် ထားဝယ်အထူးစီးပွားရေးဇုန်နယ်နိမိတ် (Demarcation) တိုင်းတာခဲ့ပြီး မြေပြင် ကွင်းဆင်းတိုင်းတာမှုများအရ အဆိုပါ အထူးစီးပွားရေးဇုန် နယ်နိမိတ်အတွင်းတွင် သာဂရမြို့ဟောင်း မြေနေရာပါဝင်ခြင်းမရှိဘဲ ၎င်းမြို့ဟောင်းသည် အထူးစီးပွားရေးဇုန်၏တောင်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိနေကြောင်းကို သိရှိရပါကြောင်း။

ဤကိစ္စနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင်ကျင်းပသည့် မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း နယ်နိမိတ်ပြင်ပတွင် ကားလမ်း၊ ရထားလမ်းများဖောက်လုပ်ခြင်းအပါအဝင် မြေတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ မြို့ပြတည်ဆောက်မှုလုပ်ငန်းများ တည်ဆောက်ခြင်းကြောင့်လည်းကောင်း၊ မြေအောက်၌ ရှိနေသော ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများနှင့်နယ်ပယ်တို့ ထိခိုက်ပျက်စီးမှုမဖြစ်ရေး ကြိုတင်ညှိနှိုင်းရန်လိုအပ်ပါကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆွေးနွေးတင်ပြခဲ့ပါကြောင်း၊ ထိုသို့ ဆွေးနွေးတင်ပြချက်အရ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့နှင့် ထားဝယ်အထူးစီးပွားရေးဇုန်အား တာဝန်ယူတည်ဆောက်လျက်ရှိသည့် Italian-Thai Development Public Co., Ltd. (ITD)တို့မှ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသန တာဝန်ရှိသူများ ပူးပေါင်းကွင်းဆင်းတိုင်းတာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာနမှ စုံစမ်းသိရှိချက်အရ သာဂရမြို့ဟောင်း၏ပတ်ဝန်းကျင်တွင် ရှေးဟောင်းနေရာဒေသများ၊ အရိုးအိုးကုန်းများ၊ ရှေးဟောင်းအဆောက်အအုံများအား ထားဝယ် အထူးစီးပွားရေးဇုန်တည်ဆောက်မှုကြောင့် မထိခိုက်စေရန် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ဇုန်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အဖွဲ့တစ်ဖွဲ့စေလွှတ်၍ အကြိုရှေ့ပြေး ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း။

ထို့အပြင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့သော ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၃၅(ဃ)၌လည်း **"ရင်းနှီးတည်ဆောက်သူ (Developer) သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ (Investor) သည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝ သယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ တွေ့ရှိလျှင် စီမံခန့်ခွဲမှု ကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်၊ စီမံခန့်ခွဲမှုကော်မတီကခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်၊ ခွင့်ပြုချက်မရရှိလျှင် အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်"**ဟု ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ရှေးဟောင်းဝတ္ထုများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဥပဒေအရ အကာအကွယ်ပေးထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်းက **"ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့်က **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တာတမံကြီးများကော်မရှင် (ICOLD)သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုတို့ကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံပြီး ယင်းအဆိုတို့ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို မွန်းလွဲ(၂)နာရီ (၂၅)မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၃ ရက် အင်္ဂါနေ့ နံနက် (၁၀) နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် ယမန်နေ့က တင်သွင်းခဲ့သည့် အဆို(၁)ခုကိုအတည်ပြုခြင်း၊ အဆိုသစ် (၂)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် မေးမြန်းစဉ်။
(သတင်းစဉ်)

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း မေးမြန်းစဉ်။
(သတင်းစဉ်)

ကရင်ပြည်နယ်၌ ဘားအံစက်မှုဇုန် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

ဘားအံစက်မှုဇုန်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၇ ရက်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကရင်ပြည်နယ် အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိ နှိုင်းအစည်းအဝေးသို့ တက်ရောက်၍အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် လမ်း/တံတားလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်ရာ ပြည်နယ်အတွင်း ဘီအိုတီစနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံများ၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီခရိုင်အင်ဂျင်နီယာမှူးများ၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်ခရိုင် အုပ်ချုပ်ရေးမှူးများ၊ လမ်းအထူးအဖွဲ့(၉) အင်ဂျင်နီယာမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၈ ရက်တွင် ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(မြသံလွင်)ခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အထိမ်းအမှတ်စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ကာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၃ ရက်က အဆိုပါကျောင်း နဝရတ်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဌေးအောင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မထက်ထက်လှိုင်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၁၁ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မသန်မစွမ်း အားကစားပြိုင်ပွဲများကို မသန်စွမ်းသူများ၏ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်လာစေရန်၊ လူကောင်းများနှင့်တန်းတူရည်တူရှိရန်၊ ပြည်တွင်းအားကစားပွဲများမှတစ်ဆင့် နိုင်ငံတကာ ပြိုင်ပွဲများသို့ တက်လှမ်းယှဉ်ပြိုင်ကာ နိုင်ငံ့ကိုယ်စားပြု မသန်စွမ်းအားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်ကျင်းပနေခြင်းဖြစ်ကြောင်း၊ မသန်စွမ်း အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ကို လူကောင်းအားကစားသမားများနည်းတူ စွမ်းဆောင်နိုင်ခဲ့သည်ကိုလည်း အားရဂုဏ်ယူဖွယ်တွေ့ရကြောင်း၊ “မသန်သည့်အတွက် သန်စွမ်းသည့်ဘက်က အစွမ်းပြမည်” ဆိုသည့် စိတ်ဓာတ်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး အမျိုးသား ဒူး၊ လက်တစ်ဖက် မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသမီးဒူးတစ်ဖက်အောက် မီတာ ၁၀၀ အပြေးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုများပေးအပ်သည်။ **(ယာပုံ)**

မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်၊ ဝေါက်သီးရိုက်နှင့် မျက်မမြင် စစ်တုရင်ပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း(၁၇)သင်းမှ မသန်စွမ်း အားကစားသမား ၄၄၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများကို ယနေ့မှ စက်တင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဆမန်သာစတိုဆာ အနိုင်ရဗိုလ်စွဲ

ဟန်သစ်

နယူးယောက် စက်တင်ဘာ ၁၂

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် ဩစတြေးလျ တင်းနစ်မယ် ဆမန်သာစတိုဆာ**(ဝဲပုံ)**က အမေရိကန် တင်းနစ်မယ် ဆရီနာဝီလျံကို အနိုင်ရ၍ ပထမဦးဆုံးအကြိမ် ဂရင်းဆလင်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆီမီးဖိုင်နယ်တွင် ဂျာမနီတင်းနစ်မယ် ကာဘာကို အနိုင်ယူပြီး တက်လာခဲ့သည့် ဆမန်သာစတိုဆာသည် ယခုဗိုလ်လုပွဲတွင် ဆရီနာဝီလျံကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန်မှာ ၁ နာရီ ၁၃ မိနစ်ကြာမြင့်ခဲ့သည်။

ဆမန်သာစတိုဆာ၏ပြိုင်ဘက် ဆရီနာဝီလျံသည် ဂရင်းဆလင်း ချန်ပီယံဘွဲ့ကို (၁၃)ကြိမ် ရရှိထားဖူးသည်။ အသက် (၂၇)နှစ်ရှိ ဆမန်သာစတိုဆာသည်ထိုဂရင်းဆလင်း (၁၃)ကြိမ် ချန်ပီယံကို အနိုင်ရခဲ့ခြင်းကြောင့် ဂုဏ်ယူဝမ်းသာလျက်ရှိနေသည်။

အနိုင်ရဗိုလ်စွဲသွားသူ ဆမန်သာစတိုဆာက “ဒီနေ့ဟာ ကျွန်မအတွက် အကောင်းဆုံး နေ့တစ်နေ့ပါပဲ။ ကျွန်မ နယူးယောက်မှာ ကံကောင်းခဲ့ပါပြီ။ ယူအက်စ်အိုးပင်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်” ဟု ပြောကြားခဲ့သည်။ ***အင်တာနက်။***

မြန်မာအသင်းမှ နိုင်ကိုလင်း၏ ထိုးဖောက်မှုကို ဘရူနိုင်း နောက်ခံလူ ဖျက်ထုတ်စဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

မြန်မာလူငယ်အသင်း ဘရူနိုင်းကို ဂိုးဒါဇင်ဝက်သွင်း

ရန်ကုန် စက်တင်ဘာ ၁၂

အာဆီယံယူ-၁၉ လူငယ်ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပသည်။

သုဝဏ္ဏကွင်း

မြန်မာ - ခြောက်ဂိုး

(ရန်နိုင်ထွေးနှင့် သီဟဇော်-နှစ်ဂိုးစီ၊ စိုးပိုင်သွေး၊ ရဲကိုဦး)

ဘရူနိုင်း - ဂိုးမရှိ

ဘရူနိုင်းအသင်းကို ဂိုးဒါဇင်ဝက်သွင်းပြီး မြန်မာတို့ နိုင်ပွဲစတင်ရရှိသွားသည်။ မြန်မာကစားသမားများမှာ ဂိုးရလိုစိတ်များပြီး အမှားများခြင်း၊ အဆုံးသတ်အားနည်းခြင်းတို့ကြောင့် ယခုထက် ဂိုးပိုမရခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းအတွက် ဂိုးများကို ၉ မိနစ်နှင့် ၃၅ မိနစ်တွင် ရန်နိုင်ထွေး၊ ၄၁ မိနစ်တွင် စိုးပိုင်သွေး၊ ၈၃ မိနစ်နှင့် ၈၈ မိနစ်တို့တွင် သီဟဇော်နှင့် နာကျင်အချိန်ပိုတွင် ရဲကိုဦးတို့က သွင်းယူခဲ့ကြသည်။

အောင်ဆန်းကွင်း

ဗီယက်နမ် - ခြောက်ဂိုး

အင်ဒိုနီးရှား - တစ်ဂိုး

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ထိုင်း - ကမ္ဘောဒီးယား

အောင်ဆန်းကွင်း

စင်ကာပူ - မလေးရှား

ဆူနာမီရေလှိုင်းရိုက်ခတ်မှု ခြောက်လပြည့်မြောက်သည့်နေ့တွင် ဂျပန်နိုင်ငံအနောက်ပိုင်း အီကာတာပြည်နယ်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့မှု ခြောက်လပြည့် ဖူကူရှီးမားပြည်နယ်၌ ဝတ်ပြုဆုတောင်းပွဲကျင်းပ

တိုကျို စက်တင်ဘာ ၁၂

ဂျပန်နိုင်ငံ၌ ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့မှု ခြောက်လပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖူကူရှီးမားပြည်နယ် ဆိုမာမြို့၌ စက်တင်ဘာ ၁၁ ရက်ကကျင်းပခဲ့ကြောင်း ဂျပန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့မှု ခြောက်လပြည့်သည့် အထိမ်းအမှတ်အခမ်းအနား၌ ဝတ်ပြုဆုတောင်းပွဲကိုကျင်းပခဲ့ပြီး မီးပုံးပျံများကို လွှတ်တင်ခဲ့ကြသည်။

ဂျပန်နိုင်ငံ ပစိဖိတ်ပင်လယ်ကမ်းရိုးတန်းဒေသ၌ မတ် ၁၁ ရက်က အင်အားပြင်း မြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမီရေလှိုင်း ရိုက်ခတ်ခဲ့ရာ လူပေါင်း ၂၀၀၀၀ သေဆုံးခြင်းနှင့် ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ အဏုမြူဓာတ်ရောင်ခြည် ဘေးအန္တရာယ် ဆိုက်ရောက်ခဲ့ရသည်။ အင်အား ၉ အဆင့်ရှိ မြေငလျင်လှုပ်ခဲ့မှုအထိမ်းအမှတ်အဖြစ် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်တွင် သတိပေးဥဩသံ ပေါ်ထွက်ခဲ့ပြီးနောက် ဝတ်ပြုဆုတောင်းပွဲကို ကျင်းပခဲ့သည်။

သဘာဝဘေးအန္တရာယ်ဇုန်၌ ပါဝင်ခဲ့သော မြို့များနှင့် ကျေးရွာများ၌ ကျန်ရစ်သူမိသားစုများက ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ခဲ့ကြသည်။ ဂျပန်နိုင်ငံ မြို့တော်တိုကျိုနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကိုတွေ့ကြုံခဲ့ရသော မြို့ကြီးများ၌ နျူကလီးယားဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်ပွဲကို ကျင်းပခဲ့သည်။

အင်တာနက်။

ပြင်သစ်တောင်ပိုင်းရှိ နျူဓာတ်အားပေးစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့

ပါရီ စက်တင်ဘာ ၁၂

ပြင်သစ်နိုင်ငံတောင်ပိုင်း၌ တည်ရှိသော မာကူလေ အမည်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံ တစ်ရုံတွင် တနင်္လာနေ့က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ပြင်သစ် နျူကလီးယားစွမ်းအင်လုံခြုံရေး အေဂျင်စီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြင်သစ်တောင်ပိုင်း မြေထဲပင်လယ်ကမ်းရိုးတန်းဒေသရှိ မာကူလေနျူကလီးယားဓာတ်အားပေးစက်ရုံ၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုသည် မည်မျှပြင်းထန်ခဲ့သည်ကို သဲသဲကွဲကွဲမသိရသေးပေ။

အတည်ပြု

ပြင်သစ် နျူကလီးယားစွမ်းအင်လုံခြုံရေး အေဂျင်စီက မာကူလေနျူကလီးယား ဓာတ်အားပေးစက်ရုံ၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အတည်ပြုခဲ့သော်လည်း ဖြစ်စဉ်အသေးစိတ်အား ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

နျူကလီးယား ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံး၍ တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များ ပေါ်ထွက်ခြင်း မရှိခဲ့သလို အနီးအနားမြို့နယ်များတွင် နေထိုင်ကြသော ပြည်သူများ ဘေးလွတ်ရာ ရွှေ့ပြောင်းရေးအတွက် ညွှန်ကြားချက်များလည်း ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း ဒေသန္တရ သတင်းဌာနတစ်ခုက ရေးသားဖော်ပြသည်။

မာကူလေ နျူကလီးယားဓာတ်အားပေးစက်ရုံပေါက်ကွဲမှု၏ ပကတိသရုပ်မှန်အား လေ့လာနိုင်ရန် ဗီယင်နာအခြေစိုက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ပြင်သစ်အာဏာပိုင်များနှင့် အဆက်အသွယ်ပြုလုပ်ထားကြောင်း သိရသည်။ ***အင်တာနက်။***

ပြင်သစ်နိုင်ငံတောင်ပိုင်း မာကူလေနျူကလီးယားဓာတ်အားပေးစက်ရုံ၌ စက်တင်ဘာ ၁၂ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီး နောက် ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများ အခင်းဖြစ်ရာသို့ ရဟတ်ယာဉ်ဖြင့် ဆင်းသက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မင်္ဂလာဆောင်ခံပွဲ၌ ဓားပြတိုက်ခံရ

တီမိုဆိုအရာ (ရှိမေးနီးယား) စက်တင်ဘာ ၁၂

ရှိမေးနီးယားနိုင်ငံ အနောက်ပိုင်း တီမိုဆိုအရာမြို့၌ အရုဏ်ဦးမင်္ဂလာညှော်ခံပွဲကို ဓားပြဝင်တိုက်ရာ သတို့သားမှာ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၁၁ရက် အရုဏ်ဦးအချိန်၌ မင်္ဂလာညှော်ခံပွဲကျင်းပနေစဉ် မျက်နှာဖုံးစွပ် ဓားပြများ ချင်းနင်းဝင်ရောက်လာပြီး ငွေများပေးအပ်ရန်တောင်းခံ၍ သတို့သား၏ခေါင်းကို ရိုက်နှက်ခဲ့သည့်အပြင် ခြေထောက်ကိုလည်း သေနတ်ဖြင့် ပစ်ခတ်သည်ဟု ဆိုသည်။

ယင်းသို့ဖြစ်နေစဉ် မမျှော်လင့်ဘဲ စားပွဲထိုးတစ်ဦး ဝင်ရောက်လာခဲ့သဖြင့် ဓားပြများသည် အစီအစဉ်ကိုဖျက်၍ အလန့်တကြားထွက်ပြေးသွားကြသည်ဟု ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ဒဏ်ရာရရှိသည့်သတို့သားကို တီမိုဆိုအရာမြို့ဆေးရုံတွင်တင်ထားရာ အခြေအနေ ပြန်လည်ကောင်းမွန်သည်။

အဆိုပါမင်္ဂလာညှော်ခံပွဲသို့ ဧည့်သည် ၃၀၀ ခန့်တက်ရောက်ကြပြီး ဓလေ့ထုံးစံနှင့်အညီ လက်ဆောင်ပစ္စည်းများအစား ငွေသားများလက်ဖွဲ့ခဲ့ကြရာ အသစ်စက်စက်ဇနီးမောင်နှံတို့မှာ ခန့်မှန်းခြေ ယူရို ၁၀၀၀၀ခန့်ရရှိခဲ့ကြသည်ဟုဆိုသည်။

ထွက်ပြေးသွားသော ဓားပြများကို ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေလျက်ရှိသည်။ ***အေပီ။***

MAI

နိုလာ

Ayarwaddy Legend Travels & Tours Co., Ltd
8 Days/5 Nights (8-13 Oct)
6 Days/5 Nights (8-13 Oct)
6 Days/5 Nights (12-17 Oct)
5 Days/4 Nights (12-16 Oct)
4 Days/3 Nights (14-17 Oct)
5 Days/4 Nights,4 Days/3 Nights

ဂုဏ်ယူဝမ်းမြောက်ခြင်း

MGW Construction မှ အထက်မြန်မာပြည်၏ စီးပွားရေးမြို့တော် မန္တလေးမြို့ကြီးတွင် Yandanarpone Diamond Plaza ကို ၅-၉-၂၀၁၁ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နောင်အနာဂတ်တွင် ယခုထက်ပို၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Giant Elevator & Escalator
Octagon International Co.,Ltd

Eastern Princess Travels & Tours
ပါလီယို - ဗန်ကောက် - ပတ္တရား (၅ ရက်)
Sep: 24 Oct: 11 & 26
၄၀၀,၀၀၀/-
Singapore F1 Race (၄ ရက်) Sep: 23

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အား ပြတိုက်အင်္ဂါရပ်နှင့်အညီ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် ၁၄-၉-၂၀၁၁ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အမှတ်(၁၆)၊ ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၅၄၄၉၃၆၊ ၅၃၅၂၄၂

သုံးရက်အတွင်း မီးလင်းခဲ့သည့် ဝင်းကြီးကျေးရွာ

သတင်းမှတ်စု - အောင်ဆွေ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်း ကျေးရွာ (၁၂)ရွာနှင့် မြို့ပေါ် (၄) ရပ်ကွက်ဖြင့် စုဖွဲ့ထားသည့် တံတားမြို့နယ်ခွဲရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ခုတည်းသောမြို့နယ်ခွဲလည်းဖြစ်သည်။ ၎င်းမြို့နယ်ခွဲတွင် ဝင်းကြီးကျေးရွာ ပါဝင်သည်။ ဝင်းကြီးကျေးရွာတွင် အိမ်ခြေ ၂၅၄ အိမ်ရှိပြီး အိမ်ထောင်စု ၃၈၀ ရှိသည်။ လူဦးရေ ၁၆၂၄ ဦးရှိ၍ တံတားမြို့နယ်ခွဲအတွင်း အသေးငယ်ဆုံးသော ကျေးရွာငယ်လေးတစ်ရွာဖြစ်သည်။

ဝင်းကြီးရွာ၏ ချောင်းတစ်ဖက်တွင် ဆယ်ရွာဆိုသည့်ရွာရှိသည်။ ဝင်းကြီးရွာနှင့် ဆယ်ရွာမှာ တစ်ရွာတည်းဖြစ်ပြီး ချောင်းမှာ အလယ်မှဖြတ်သန်းစီးဆင်းသဖြင့် အပိုင်းကွဲသွားခြင်းဖြစ်သည်။ ဆယ်ရွာမှာ သုံးခွမြို့နယ်ပိုင်ဖြစ်ပြီး ဝင်းကြီးမှာ ကျောက်တန်းမြို့နယ်ပိုင်ဖြစ်သည်။

ဆယ်ရွာကျေးရွာမှာ အိမ်ခြေ ၆၀၀ ခန့်ရှိပြီး အိမ်ထောင်စု ၇၀၀ ခန့်နှင့် လူဦးရေ ၃၀၀၀ ကျော်ခန့် နေထိုင်သည်။ လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်မှစ၍ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆယ်ရွာကျေးရွာမှာ မီးလင်းနိုင်ခဲ့သည်။

တစ်ရွာတည်းနေ တစ်ရေတည်းသောက်နေကြသော်လည်း ညရောက်ချိန်တွင်မူ တစ်ဖက်မှောင် တစ်ဖက်လင်းဖြင့် ရွာချင်းမတူခဲ့ကြပါ။ ဤသို့ဖြင့် ၂၂-၈-၂၀၁၁ ရက်တွင် ဝင်းကြီးကျေးရွာမှ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ စုပေါင်း၍ ဝင်းကြီးကျေးရွာ မီးလင်းရေးကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၅၀ ခန့်ရှိမည်ဖြစ်၍ အိမ်ခြေနှင့် ငွေမျှတအောင်မထည့်ဝင်နိုင်သည့်အတွက် အခက်ကြုံနေစဉ် ဝင်းကြီးကျေးရွာမှ လယ်သမားကြီးဖြစ်သူ ဦးဝင်းစိန်က ၎င်းကုန်ကျငွေကျပ်သိန်း ၅၀ ခန့်ကို မိမိတစ်ဦးတည်း အကုန်အကျခံလှူဒါန်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟု ပြောသဖြင့် ထိုနေ့ ၂၂-၈-၂၀၁၁ ရက်မှစ၍ ရွာသူရွာသားများ စုပေါင်းဆောင်ရွက်ခဲ့ကြရာ ၂၅-၈-၂၀၁၁ ရက်တွင် ဝင်းကြီးကျေးရွာမှာ မီးရောင်ဖြာခဲ့ပါတော့သည်။

နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ တာဝန်ကိုသိသော၊ တာဝန်ကို ကျေပွန်သော ပြည်သူများစွာ လိုအပ်လျက်ရှိရာ ဦးဝင်းစိန်ကဲ့သို့သော မိမိနိုင်ငံအကျိုး၊ မိမိရပ်ရွာအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည့် နိုင်ငံ့သားကောင်းများစွာ ပေါ်ပေါက်လာနိုင်စေရန် လိုအပ်လျက်ရှိကြောင်း ရေးသားလိုက်ပါသည်။ ။

အောင်ရတနာ အမြန်ယာဉ်ကားအသင်း တိုးချဲ့ဖွင့်လှစ်

ရွှေဘို စက်တင်ဘာ ၁၂

အောင်ရတနာ အမြန်ယာဉ်ကားအသင်း၏ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ရန်ကုန် ခရီးစဉ်သစ် တိုးချဲ့ဖွင့်လှစ်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီတွင် ရွှေဘိုမြို့ ယာဉ်ရပ်နားစခန်းအတွင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ရွှေဘိုမြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မြေ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

အောင်ရတနာ အမြန်ယာဉ်အသင်းသည် ယခင်က တန့်ဆည်၊ ရေဦး၊ ရွှေဘို၊ မုံရွာ၊ မန္တလေး ခရီးစဉ်တွင် (Mini-Bus) မှန်လုံယာဉ် ၇၅ စီးဖြင့် အဓိကထားပြေးဆွဲခဲ့ပြီး တိုးချဲ့ခရီးစဉ်သစ်အနေဖြင့် (Air Con Bus) လေအိတ်မှန်လုံယာဉ်များဖြင့် ယခုနှစ် ဇွန်လမှ စတင်ပြီး တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ရန်ကုန်ခရီးစဉ်ကို လည်းကောင်း၊ ယခုဩဂုတ် ၁၀ ရက်မှစတင်ပြီး တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ရန်ကုန်ခရီးစဉ်ကို လည်းကောင်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ရာ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် အထူးဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်ပြီး အချိန်မှန်ပြေးဆွဲမည်ဖြစ်သည်။

(ကြေးမုံ)

အလုပ်သမားဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှ ဆေးပဒေသာပင် အသုံးပြုရန်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၉ ရက်က ရန်ကုန်အလုပ်သမားဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူရှင်များကိုယ်စား ဗိုလ်မှူးကျော်ကျော်(ငြိမ်း) အုပ်ချုပ်မှုဒါရိုက်တာ ငွေကြိုးကြာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ လှူဒါန်းရခြင်းအကြောင်းရင်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

လှူဒါန်းငွေကို အလှူရှင်များကိုယ်စား ဦးလှမျိုး အုပ်ချုပ်မှုဒါရိုက်တာ တိုးတက်ချမ်းသာကုမ္ပဏီနှင့် ဦးမြင့်ကျော် အုပ်ချုပ်မှုဒါရိုက်တာ ပြည့်အောင်ကျော်ကုမ္ပဏီတို့က ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းက လက်ခံယူသည်။

(ကြေးမုံ)

ခင်ဦးမြို့၌ ချဲထီလောင်းကစားသူ ပြစ်ဒဏ်ချမှတ်

ခင်ဦး စက်တင်ဘာ ၁၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခင်ဦးရဲစခန်းမှ စခန်းမှူးရဲခေါင်မြင့်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက်နေ ကျော်မင်းအောင်(ခ) ဖက်တီး အသက်(၃၁)နှစ် နေအိမ်သို့ လောင်းကစားပြုလုပ်ကြောင်း သတင်းအရ ရှာဖွေရာ တရားမဝင် ချဲထီသုံးလုံး လောင်းကစားပြုလုပ်သည့် ပစ္စည်းများနှင့် ငွေကျပ် ၁၈၇၀၀၀ တို့ကို တွေ့ရှိသဖြင့် ခင်ဦးရဲစခန်းမှ (ပ)၂၇၉/၂၀၁၁ လောင်းကစား ပုဒ်မ ၁၅(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး ခင်ဦးမြို့နယ် တရားရုံးမှ ဩဂုတ် ၁၆ ရက်တွင် တရားခံအား အလုပ်နှင့် ထောင်ဒဏ်သုံးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ (၅၇၃)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြို့တော်စည်ပင်က လူသွားစင်္ကြံများ၊ ရေနုတ်မြောင်းများ ပြုပြင်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အဘက်ဘက်မှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)က ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာနှင့် လမ်းမတော် စသည့် မြို့တွင်း ခြောက်မြို့နယ်ရှိ လူသွားစင်္ကြံများ၊ စင်္ကြံကပ်တုံးများ၊ ရေနုတ်မြောင်းများနှင့် မြောင်းဖုံး ကျောက်ပြားများကို ပြုပြင်ပေးလျက်ရှိသည်။

ထို့အပြင် ခြောက်လမ်းသွား ဘုရင့်နောင်လမ်းမကြီးတွင်လည်း ယခင်က အလယ်လေးလမ်းကိုသာ ကတ္တရာခင်းထားရာမှ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းနှင့် သမိုင်းလမ်းဆုံမှ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းနှင့် ကမ်းနားလမ်းဆုံအထိ လမ်းပိုင်းအား ခြောက်လမ်းသွား အပြည့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် အဆိုပါ လမ်းပိုင်းအတွင်းရှိ လူသွားစင်္ကြံ၊ စင်္ကြံကပ်တုံးနှင့် ရေနုတ်မြောင်းများကိုလည်း ပြုပြင်လျက်ရှိသည်။

(ညွန့်သန်း-သတင်းစဉ်)



စပါးခင်းများအတွင်း ငါးများမွေးမြူထားခြင်းဖြင့် လယ်ကွင်းတစ်နေရာတည်းမှ စပါးနှင့်ငါး တစ်ပြိုင်တည်း ရရှိစေနိုင်သည့်အပြင် ကျေးလက်နေပြည်သူလူထု၏ တစ်ပိုင်တစ်နိုင် စားနပ်ရိက္ခာဖူလုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ပါးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ရာ စပါးခင်းများအတွင်း ငါးမွေးမြူနိုင်ရေးအတွက် မျိုးငါးများ ထောက်ပံ့ပေးအပ်ပွဲကို ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာ၌ စက်တင်ဘာ ၂ ရက်က ကျင်းပစဉ်။ (၁၆၁)

ကမ္ဘာ့လက်ဝှေ့ပြိုင်ပွဲ မြန်မာ ပါဝင်ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၂

ကမ္ဘာ့လက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၉ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (AIBA)၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ လက်ရွေးစင် မောင်ငယ် (ကာကွယ်ရေး)က ၅၂ ကီလိုတန်းတွင်လည်းကောင်း၊ ကျော်ကျော်လတ်(ရန်ကုန်မြို့တော်စည်ပင်)က ၅၆ ကီလိုတန်းတွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင် မြန်မာကစားသမားနှစ်ဦးသည် ပြိုင်ပွဲမကျင်းပမီ စက်တင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (AIBA)မှ လက်ဝှေ့နည်းပြများနှင့် ပူးတွဲလေ့ကျင့်နိုင်ရန် စက်တင်ဘာ ၉ ရက်က စတင်ထွက်ခွာသွားရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ **(အပေါ်ပုံ)** က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (၅၄၆)

ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် ငါးလုပ်ငန်းအသင်းတို့ ပူးပေါင်း၍ ဩဂုတ် ၁၆ ရက်က မြို့မဈေးရှိ ငါးရှဉ့်ဒိုင်များ၌ ဆန်ခါချစစ်ဆေးဆောင်ရွက်ရာ သတ်မှတ်အရွယ်အစားအောက်ရှိ ငါးရှဉ့်ကောင်ရေ ၂၃၀၀ ခန့်တွေ့ရှိရသဖြင့် ဆင်စခန်းကျေးရွာနယ်မြေ ရန်ကုန်-မန္တလေး ကားလမ်းဘေး သဘာဝရေပြင်အတွင်းသို့ ဘေးမဲ့လွှတ်ပေးစဉ်။

(ငါးလုပ်ငန်းဦးစီးဌာန)

သခင်ကိုယ်တော်မှိုင်း နိဒါန်း

စာပေရေး၊ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကဗျာများနှင့် လူထု ဦးလှ၊ ဆရာဇော်ဂျီ၊ ဦးဘဖေနှင့် ဆရာမင်းသုဝဏ်တို့၏ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ပတ်သက်သော ဟောပြောချက်များကို ရေးသားထားသည်။

နှစ်ကာလများ စာပေတိုက် အမှတ်(၁၀၄) (အပေါ်ဆုံးထပ်) အောင်ဇေယျလမ်း လွတ်လပ်ရေးရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၇၆၉ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

စက်တင်ဘာလထုတ် ဓမ္မရိပ်မဂ္ဂဇင်း

၂၀၁၁ စက်တင်ဘာလထုတ် အတွဲ(၄) အမှတ်(၉) ဓမ္မရိပ်မဂ္ဂဇင်းကို စာဖတ်ပရိသတ်ထံသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ထိုမဂ္ဂဇင်းတွင် မျက်ခြည်မပြတ်သင့်သော ‘နိုင်ငံတကာ ဗုဒ္ဓဘာသာသတင်း’၊ လူငယ်နှင့် ဘာသာရေး၊ ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း)၊ ဦးစန္ဒိဂမ(စလင်း)၊ မင်းဝေနိုင် (ဟင်္သာတ)တို့၏ “ဘာသာရေးအတွေးအမြင်”၊ စာကြည့်တိုက် အညွှန်းပြုအဖြစ် ‘ထေရုပ္ပတ္တိ၊ ထေရဝါဒဗုဒ္ဓဘာသာ၏ ထေရဝါဒမှတ်ကျောက်၊ ဖတ်ပြီးမှတ်တေး စုဆောင်းထားရမည့် သုတေသန၊ ရသမြောက် အက်ဆေး၊ ဝတ္ထု၊ ကဗျာ စသည့် ပုံမှန်ကဏ္ဍတို့ကို ဖတ်ရှုရမည့်အပြင် ရတနာပုံရိပ်ငြိမ် ဆရာတော်နှင့် တွေ့ဆုံလျှောက်ထားခြင်း စသည်တို့ကို ဖတ်ရှုရမည်ဖြစ်သည်။ လစဉ်ထုတ် ဓမ္မရိပ်မဂ္ဂဇင်းကို ရန်ကုန်မြို့ တာမွေမြို့နယ် (၁၅၇)လမ်းနှင့် (၁၆၁)လမ်းထောင့် အမှတ်(၈၈) နှင့် ဗဟန်းမြို့နယ် (တာမွေမီးပွိုင့်ထိပ်) အရှေ့ရွှေဂုံတိုင်လမ်း အမှတ်(၃၈၅) အားမာန် (စာစီ/စာကူး)တို့မှ ဖြန့်ချိလျက်ရှိသည်။

မုတ္တမ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမ အထကကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာသန်းဦး ဖုန်း-၀၅၇-၄၅၀၆၁၊ ဦးသိန်းဝင်း ဖုန်း-၀၅၇-၄၅၀၅၃၊ ဦးနိုင်ထွန်း ဖုန်း-၀၅၇-၄၅၀၉၉၊ ဒေါ်မြည္ဒန့်ရည် ဖုန်း-၀၅၇-၂၇၀၆၇၊ ဦးကျော်ရင်(ကျောင်းအုပ်ကြီး) ဖုန်း-၀၅၇-၄၅၀၄၅၊ ဦးကိုကိုလေး ဖုန်း-၀၁-၅၈၀၁၂၁၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၁၃၁၅၉၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၀၆၁၈၉၊ ဦးကျော်ဦး ဖုန်း-၀၉-၄၉၂၉၅၆၈၀ နှင့် ဦးတင်မောင် ဖုန်း-၀၉-၈၆၂၃၆၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၁) ရပ်ကွက် ပဒေသရာဇာလမ်းနေ ကွယ်လွန်သူ ဖခင်ကြီး (၅)နှစ်ပြည့်အားရည်စူး၍ မိခင် ဒေါ်လှဆင့်နှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြုဒေါ်ခင်ခင်ယုတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ပဲခူးမျိုးသန့်ခြံမှ သိပ္ပံနည်းကျစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

ပဲခူး စက်တင်ဘာ ၁၂

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(မျိုးစေ့ဌာနခွဲ) ပဲခူးမျိုးသန့်ခြံမှ ပေါင်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးခင်းမှာ ယခုအခါ တမျှော်တခေါ် စိမ်းလန်းဝေဖြာနေသည်ကို တွေ့မြင်ရသည်။**(အပေါ်ပုံ)**

ပဲခူးမျိုးသန့်ခြံသည် ပဲခူးမြို့အရှေ့ ကမာနတ်ကျေးရွာအနီးတွင်ရှိပြီး လယ်မြေဧရိယာ ၁၂၅ ဒသမ ၄၅ ဧကရှိကြောင်း၊ ဇွန် ၂ ရက်မှ စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရက်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်၍ မကြာမီ အချိန်အတွင်း သီးတော့မည်ဖြစ်ကြောင်း ပဲခူး မျိုးသန့်ခြံ မန်နေဂျာ ဦးစိုးမြင့်ထွန်းက ရှင်းပြသည်။

စပါးခင်းများအား လိုအပ်သော ဓာတ်မြေဩဇာများ ကျွေးပေးခြင်း၊ လေဝင်လေထွက်ကောင်းအောင် ပြုပြင်ပေးခြင်း၊ ပေါင်းမြက်ရှင်းခြင်း စသည်များကို စိုက်ပျိုးရေးဝန်ထမ်းများဖြင့် အမြဲမပြတ်ပြုလုပ်ပေးလျက်ရှိသဖြင့် ယခုကဲ့သို့ အပျက်အစီးမရှိ စိမ်းစိုလန်းဆန်းနေသည့် စပါးခင်းအား တွေ့မြင်ရခြင်းဖြစ်သည်။ မောင်းညီချိန်တွင် ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပြီး တောင်သူလယ်သမားများအား မျိုးသန့်စပါးများကို အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဟု မန်နေဂျာ ဦးစိုးမြင့်ထွန်း ဆက်လက်ပြောကြားခဲ့သည်။ (၁၁၀)

ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေလျှံ ရေဘေးသင့်ကျေးရွာများအား ပစ္စည်းများထောက်ပံ့

ရေတာရှည် စက်တင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေ လျှံတက်မှုကြောင့် ရေဘေးဒုက္ခခံစားခဲ့ရသည့် ကျေးရွာများအား စက်တင်ဘာ ၁၁ ရက်က ရေတာရှည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ လိုက်ပါလျက် သာဂရမြို့ ဝဲဒေါင့်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၊ ဆွာမြို့ ရွှေကဇောင်းကျေးရွာအုပ်စုရှိ ကျေးရွာများ၊ ရေတာရှည်မြို့ ကျွဲရိုင်းပြင်ကျေးရွာ အုပ်စုရှိ ကျေးရွာများသို့ ကွင်းဆင်း၍ လိုအပ်သည့် အကူအညီများ ပေးအပ်ခဲ့သည်။**(ယာပုံ)**

ဩဂုတ်လဆန်းပိုင်းမှစတင်၍ စစ်တောင်းမြစ်ရေလျှံတက်မှုကြောင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ စိုက်ပျိုးရေး တောင်သူများ ရေဘေးဒုက္ခခံစားခဲ့ရပြီး အကူအညီများ လိုအပ်လျက်ရှိသည်ကို ရေတာရှည်မြို့နယ် တိုင်းဒေသကြီး ကိုယ်စားလှယ်ဦးမောင်မောင်သက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ ရေဘေးသင့်သည့်ကျေးရွာများကို စက်တင်ဘာ ၁၁ ရက်တွင် သာဂရမြို့အရှေ့ ဝဲဒေါင့်ကျေးရွာအုပ်စုအတွင်းရှိ ကျူဇောင်းရွာ၊ အိမ်ခြေ ၆၈ အိမ်၊ လူဦးရေ ၃၄၅ ဦး အေးသုခရွာ၊ အိမ်ခြေ ၂၈ အိမ်၊ လူဦးရေ ၁၀၀၊ ချောင်းကျိုးကျေးရွာ အိမ်ခြေ ၄၈ အိမ်၊ လူဦးရေ ၂၁၃ ဦး၊ ရွာသစ်ကျေးရွာ

အိမ်ခြေ ၄၃ အိမ်၊ လူဦးရေ ၂၂၂ ဦး ငှက်ပျောတောကျေးရွာ အိမ်ခြေ ၂၃ အိမ်၊ လူဦးရေ ၈၅ ဦး၊ ဝဲဒေါင့်ကျေးရွာ အိမ်ခြေ ၉၆ အိမ်၊ လူဦးရေ ၄၅၀၊ ကျောင်းကုန်းကျေးရွာ အိမ်ခြေ ၂၉ အိမ်၊ လူဦးရေ ၁၀၆ ဦး စုစုပေါင်း အိမ်ခြေ ၄၃၆ အိမ်နှင့် လူဦးရေ ၂၀၁၂ ဦးတို့ကို လိုအပ်သည့် ဆန်အိတ်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဌာနမှ ရွှေ့ပြောင်းအိမ်ထောင်စု ၁၅ အိမ်အတွက် လိုအပ်သည့် ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြသည်။

ကျူဇောင်းကျေးရွာ အောင်မင်္ဂလာ ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလာစာရက ဒါယကာ၊ ဒါယိကာမများပေးပို့လှူဒါန်းသည့် ဆန်အိတ်ပေါင်း ၂၅၆ အိတ် ၁၆ ပြည်၊ ဆီ ၁၄၅ ပိဿာ ၅၀ ကျပ်သားနှင့် အခြားသော စားဖွယ်ပစ္စည်းမျိုးစုံ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၄၃၀၁၄၄၀ ကျပ်ကို ရေဘေးဒုက္ခရောက်နေသည့် အထက်ပါကျေးရွာများအား ဝေငှပေးခဲ့သည်။

ဆက်လက်၍ ရွှေကဇောင်းကျေးရွာ အိမ်ခြေ ၂၂၁ အိမ်၊ လူဦးရေ ၇၉၅ ဦး၊ ဆွာတောင်ငန်းကျေးရွာ အိမ်ခြေ ၈၆ အိမ်၊ လူဦးရေ ၂၉၉ ဦး၊ ကွမ်းအုံကျေးရွာ၊ အိမ်ခြေ ၂၀၊ လူဦးရေ ၇၉ ဦး၊ တောင်ကြီးကျေးရွာ အိမ်ခြေ ၁၆ အိမ်၊ လူဦးရေ ၉၃ ဦး၊ စုစုပေါင်း အိမ်ခြေ ၃၄၃ အိမ်၊ လူဦးရေ ၁၂၆၆ ဦးတို့ကို ဆန်အိတ် ၅၀၊ ဆီ ၃၁ ပိဿာ ၅၀ ကျပ်သားနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ရေတာရှည် မြို့အရှေ့ ကျွဲရိုင်းပြင်ကျေးရွာမှ အိမ်ခြေ ၂၀ နှင့် လူဦးရေ ၉၁ ဦးတို့အား လိုအပ်သည့် ဆန်အိတ်၊ ဆီနှင့် အခြားသော စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြစ်ရေလျှံတက်မှုမြင်ကွင်းတစ်နေရာ။

မြစ်ရေကြီးမှုကြောင့် နစ်မြုပ်လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)





ဒေါ်ခင်ရီ(တွံတေး/ခလုပ်)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ အမှတ်(၃၇/၃၉)နေ (ဦးသန်းရှင်-ဒေါ်လှခင်)တို့၏ သမီး၊ (ဦးမြမောင်) ၏ ဇနီး၊ ဦးဝင်းမောင်-ဒေါ်ခင်လဲ့လဲ့တင်၊ [ဦးလှရွှေ(စန္ဒရား)]-ဒေါ်ညွှန့်ညွှန့်ရီတို့၏ အစ်မ၊ ဒေါ်ခင်စန်းရီ(မြို့နယ်စာရင်းစစ်အရာရှိ၊ ကြည့်မြင်တိုင်မြို့နယ်)၊ ဦးမိုးဆွေထူး-ဒေါ်အေးအေးမွန်၊ ဦးကြည်လင်-ဒေါ်သန်းသန်းနွယ်တို့၏ မိခင်၊ ဦးစိုးသူရဝင်း (လှရွှေစန္ဒရားပြုပြင်ရောင်းဝယ်ရေး)၊ ဦးဟိန်းဇော်ထက်-ဒေါ်အေး ပုလဲဝင်း(နည်းပညာတက္ကသိုလ်၊မှော်ဘီ)၊ ဦးအောင်ဖြိုးဝင်းတို့၏ အဒေါ်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၁-၉-၂၀၁၁ ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၁ရက် နံနက် ၁၁နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်မြင့်မြင့်(ကျုံမငေး)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သုဒဿနလမ်း၊ အမှတ်(၂၁)၊ မြေညီထပ်နေ ဦးခင်ကျော်၏ ဇနီး၊ ဒေါ်မြမြခိုင်(ခိုင် ပုဇွန်ခြောက်၊ ငါးခြောက်၊ ညောင်ပင်လေးဈေး)၊ ကိုသိန်းထူး-မအေးစန္ဒာနိုင်၊ ကိုကျော်ငွေ-မလှလှဝင်း၊ မခင်ခင်စိုး(ခင် ပုဇွန်ခြောက်၊ ငါးခြောက်ရောင်းဝယ်ရေး)၊ ကိုသားကြီး-မခင်ခင်မိုး၊ ကိုအောင်မျိုးထက်-မလဲ့လဲ့ဝင်း၊ မခင်ခင်မွေးတို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်မြင့်မြင့်သည် ၁၁-၉-၂၀၁၁ ရက် နံနက် ၆း၃၅ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၁ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသောင်းရွှေ(မြင်းကကုန်း)

အသက်(၇၈)နှစ်

(တွံဖက်မြို့နယ်မှူး-ငြိမ်း၊ လမ်းမတော်မြို့နယ်)

ပြည်တွင်းအခွန်များဦးစီးဌာန

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်းသွယ်(၁)၊ တိုက်(၁၆)၊ အခန်း(၇)နေ (ဦးဟန်-ဒေါ်သိန်း)တို့၏ သား၊ ဒေါ်ငွေအောင်(သူနာပြုဆရာမကြီး-ငြိမ်း၊ အလုပ်သမားဆေးရုံကြီး၊ တာမွေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးငွေလွင် (HUSAM, Co., Ltd.)-ဒေါ်မဥ္ဇူရွှေ (တိုင်းရင်းသားဒီဂရီကောလိပ်၊ ရန်ကုန်၊ မော်ကွန်းထိန်းဌာန)၊ ဦးသိန်းနိုင် (FRANCO Shipping, Co., Ltd.)-ဒေါက်တာခင်လဲ့ရွှေတို့၏ ချစ်လှစွာသောဖခင်၊ မမျိုးသိင်္ဂီကျော်(အထက-၄၊ ဗိုလ်တထောင်)၊ မောင်ကောင်းစည်သူ (အထက-၂၊ ဒဂုံ)တို့၏ ချစ်လှစွာသော အဘိုးသည် ၁၀-၉-၂၀၁၁(စနေနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ဆွေ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ ထူပါရုံ(၁၆)လမ်းအနောက်၊ အမှတ်(၇၈၉)နေ (ဦးသာဒွေး-ဒေါ်သိန်းမိ) တို့၏သမီး၊ ဦးမောင်ကျင်-ဒေါ်အေးကြည်တို့၏သမီးချွေးမ၊ ဦးငွေးရွှေ၏ဇနီးမဆွေဇင်ငွေး (အထက်တန်းရှေ့နေ)၊မောင်ရဲဝင်း-မရွှေရီမြင့် (Royal Manufacture) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ချစ်ဦးမောင်၏အဘွားသည် ၁၁-၉-၂၀၁၁(တနင်္ဂနွေနေ့)နံနက် ၀၀း၀၅နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၁(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်ကြည်(ဥက္ကဋ္ဌ)

အသက်(၇၂)နှစ်

မလွှန်ဆန်လှူသင်းထောက်အဖွဲ့၊ အရှေ့ခြမ်း သယ်န်းကျွန်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းအရှေ့ခြမ်း မလွှန်ဆန်လှူသင်းထောက်အဖွဲ့မှ ဦးခင်ကြည်(ဥက္ကဋ္ဌ)သည် ၁၀-၉-၂၀၁၁ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့၊ မလွှန်ဆန်လှူသင်းထောက်အဖွဲ့(အရှေ့ခြမ်း)
သယ်န်းကျွန်းမြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁ ကံဘဲ့၊ မြေကွက်အမှတ် ၄/၇-က၊ မြေကွက်တည်နေရာ၊ အမှတ်(၇၁၇)၊ စပါယ်ရုံလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးပွင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးပွင့်၊ ဇနီး ဒေါ်စောတင်နှင့် သားတစ်ဦးဖြစ်သူ ဦးအောင်မိုးတို့ ကွယ်လွန်သဖြင့်(၁) ဦးမောင်မောင်ကြီး [၁၂/ရကန(နိုင်) ၀၃၀၅၄၉]၊ ၂။ ဒေါ်ခင်ဆွေရီ[၁၂/ရကန(နိုင်)၀၂၉၄၇၅]၊ ၃။ ဒေါ်ခင်ခင်စု [၁၂/ရကန(နိုင်) ၀၂၉၄၁၉]တို့က သားသမီးများ တော်စပ်ကြောင်းနှင့် ၄။ ဒေါ်ရင်ရင်စန်း[၅/စကန(နိုင်)၀၃၃၂၉၆]က ကွယ်လွန်သူ ဦးအောင်မိုး၏ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၁၅၊ မြေကွက်တည်နေရာ အမှတ်-၁၅၊ ရှုခင်းသာလမ်း၊ (၈)ရပ်ကွက်၊ သာကေတ (ဦးအေးဖေ)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအေးဖေ ကွယ်လွန်သဖြင့် ဒေါ်ယုံ[၁၂/သကတ(နိုင်)၀၈၈၆၃၃]က ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာလေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင် ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရမည်။ ဝတ္ထုတို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆုငွေကျပ် ငါးသောင်း၊ အထူးဆုငွေကျပ် နှစ်သောင်း ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)



၂၀၁၀-၂၀၁၁ ပညာသင်နှစ် အမက(၆) ကြည့်မြင်တိုင်၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့် သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်နေဇော်ခန့်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဒါလီယန်းသင်္ဘောကျင်းဟိုတယ် နှစ် ၃၀ ပြည့် အခမ်းအနားကျင်းပ

ဒါလီယန်း စက်တင်ဘာ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒါလီယန်းသင်္ဘောကျင်းမှ ပိုင်ဆိုင်သည့် Dalian Shipbuilding Hotel တည်ဆောက်ခြင်း နှစ် ၃၀ ပြည့် အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဟိုတယ်ရှယ်ယာဝင်များ၊ သင်္ဘောကျင်းအကြီးအကဲများ၊ ဟိုတယ်ဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ **(ယာပုံ)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒါလီယန်းဆိပ်ကမ်းမြို့ရှိ ဒါလီယန်းသင်္ဘောကျင်းသည် ကမ္ဘာပေါ်၌ တတိယမြောက်အကြီးဆုံး သင်္ဘောကျင်းဖြစ်ကာ ကမ္ဘာ့အကြီးစားသင်္ဘောကြီးများအား တည်ဆောက်ပေးလျက်ရှိသည်။

(၆၈၁)

ကယားပြည်နယ်အတွင်းရှိ ဆေးရုံများတွင် လစ်လပ်လျက်ရှိသောဆရာဝန်များ အမြန်ဆုံးခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ထားဝယ်အထူးစီးပွားရေးဇုန် နယ်နိမိတ်အတွင်း သာဂရမြို့ဟောင်းနေရာပါဝင်ခြင်းမရှိဘဲ တောင်ဘက်တစ်မိုင်ခန့်တွင် တည်ရှိ

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ဇုန်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်ထား

နေပြည်တော် စက်တင်ဘာ ၁၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂၁၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း၏ **"ကယားပြည်နယ်အတွင်း ရာထူးအလိုက် ဆရာဝန်လက်ရှိအင်အား(၃၈)ဦးရှိပြီး ဖွဲ့စည်းပုံပါအင်အားမှာ(၁၅၉)ဦး၊ လိုအပ်သော အင်အားမှာ(၁၂၁)ဦး ရှိကြောင်း၊ အင်အားစာရင်းအရ လစ်လပ်လျက်ရှိသော ရာထူးအလိုက် ဆရာဝန်များ ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကယားပြည်နယ်လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး(၁)ဦး၊ အထူးကုဆရာဝန်ကြီး(ကလေး)(၁)ဦး၊ အထူးကုဆရာဝန်ကြီး(မေ့ဆေး)(၁)ဦး၊ အထူးကုဆရာဝန်ကြီး(မျက်စိ) (၁)ဦး၊ အထူးကုဆရာဝန်ကြီး(ဓာတ်မှန်)(၁)ဦး၊ အထူးကုဆရာဝန်ကြီး(ဆေးပညာ)(၁)ဦး၊ အထူးကုဆရာဝန်ကြီး(ခွဲစိတ်)(၁)ဦး၊ အထူးကုဆရာဝန်ကြီး(အရိုး)(၁)ဦး၊ အထူးကုဆရာဝန်ကြီး(စိတ်)(၁)ဦး၊ အထူးကုဆရာဝန်ကြီး(အကြောအဆစ်)(၁)ဦး၊ လက်ထောက်ဆရာဝန်(သားဖွားမီးယပ်)(၁)ဦး၊ လက်ထောက်ဆရာဝန်(ခွဲစိတ်)(၁)ဦး၊ လက်ထောက်ဆရာဝန်(နား၊ နှာခေါင်း၊ လည်ချောင်း)(၁)ဦး၊ လက်ထောက်ဆရာဝန်(၉)ဦးတို့ လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၁၁ ရက်စွဲပါ စာအမှတ် ၃မက (က) ၂၀၁၁/၂-၁၃၀ ဖြင့် ဆေးရုံအုပ်တစ်ဦး ခန့်ထားပြီးဖြစ်ပါကြောင်း၊ ဒီမော့ဆိုပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး၊ ပြည်သူ့ဆေးရုံ ဘော်လခဲမြို့တွင် အထူးကုဆရာဝန်(သွားခံတွင်း)(၁)ဦး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် လက်ထောက်ဆရာဝန် (၁)ဦး၊ ပြည်သူ့ဆေးရုံ ရှားတောမြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး၊ ပြည်သူ့ဆေးရုံ ဖားဆောင်းမြို့တွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် လက်ထောက်ဆရာဝန် (၁)ဦး၊ ပြည်သူ့ဆေးရုံ မယ်စဲ့မြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး၊ ပြည်သူ့ဆေးရုံ ဖရူးဆိုမြို့တွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် လက်ထောက်ဆရာဝန် (၁)ဦးတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

ကယားပြည်နယ်အတွင်းရှိ ဆေးရုံများတွင် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ၊ လက်ထောက် ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာဆရာဝန်များကို အမြန်ဆုံးခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွမ်းမုန်၏ **"တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုနှင့် လက်ထောက်ဆရာဝန်များ ဖွဲ့စည်းပုံအတွင်းမှ လုံလောက်အောင်ခန့်ထားရန် အစီအစဉ်ရှိ/မရှိ နှင့် ဆရာဝန်အိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် တီးတိန်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်(၁)ဦး၊ လက်ထောက်ဆရာဝန် (သားဖွားမီးယပ်)(၁)ဦး၊ လက်ထောက်ဆရာဝန် (၂)ဦးတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး၊ လစ်လပ်လျက်ရှိသည့် အထူးကုဆရာဝန်များ(ဆေးပညာ/ခွဲစိတ်/ကလေး/မေ့ဆေး/အရိုး)၊ လက်ထောက်ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်တို့ကို အမြန်ဆုံးခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ် တီးတိန်မြို့ပြည်သူ့ဆေးရုံတွင် ဆရာဝန်အိမ်ရာများ ဆောက်လုပ်ပေးရန်အတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့★**

ယနေ့ သတင်းအညွှန်း

မြန်မာလူငယ်အသင်း ဘရူနိုင်းကို ဂိုးဒါဇင်ဝက်သွင်း

'ဘရူနိုင်းအသင်းကို ဂိုးဒါဇင်ဝက်သွင်းပြီး မြန်မာတို့ နိုင်ပွဲစတင် ရရှိသွား'

(သတင်း)စာမျက်နှာ ၁၀

RG တွင်းတူးစက်များ စက်စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

(သတင်း)စာမျက်နှာ ၇

ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့မှု ခြောက်လပြည့် ဖူကူရှီးမားပြည်နယ်၌ ဝတ်ပြုဆုတောင်းပွဲကျင်းပ

'ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့မှု ခြောက်လပြည့်သည့် အထိမ်းအမှတ် အခမ်းအနား၌ ဝတ်ပြုဆုတောင်းပွဲကိုကျင်းပခဲ့ပြီး မီးပုံးပျံများကို လွှတ်တင်ခဲ့'

(သတင်း) စာမျက်နှာ ၁၀

လိုင်စင်ရ ညှော်လမ်းညွှန် ၃၀၀၀ ကျော်သာကျန်ရှိ ခရီးသွားကဏ္ဍ မြင့်တက်မည်ဟု မျှော်မှန်း

'မြန်မာ့ခရီးသွားကဏ္ဍ မြင့်တင်ရာတွင် နိုင်ငံတကာခရီးသွားများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် ညှော်လမ်းညွှန်များ၏ အခန်းကဏ္ဍမှာ အဓိကနှင့် အခြေခံအကျဆုံးဖြစ်'

(သတင်း)စာမျက်နှာ ၇

နေပြည်တော်ဝန်းကျင်၌ စိန်တလုံးသရက် မျိုးကောင်းတိုးချဲ့ စိုက်ပျိုး

'နေပြည်တော်ဝန်းကျင်၌ သရက်သီးဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်ပါက နိုင်ငံတကာဈေးကွက်အကြိုက် အရည်အသွေးကောင်း သရက်သီးများစွာထွက်ရှိပြီး နိုင်ငံခြားဝင်ငွေ အများအပြားရရှိမည်မှာ သေချာ'

(သတင်း)စာမျက်နှာ ၃